
www.dhammadownload.com




# ဘုရားအကြိုက်ဆုံး ပူဇော်နည်း
နှင့်
# သိကြားမင်းရွတ်ဆိုသော ဂါထာ

၁၄-၆-၆၁

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါး တရားတော် အမှတ်စဉ်(၁၁)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

၆

www.dhammadownload.com

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂ ၊ နတ်မောက်လမ်း ၊ ရန်ကုန်မြို့
တွင်ရနိုင်ပါသည် ။
ဖုန်း – ၅၄၁၈၆၀

( မိုးကုတ်ယောဂီများအတွက်သာ )

www.dhammadownload.com

# ဘုရားအကြိုက်ဆုံး ပူဇော်နည်း

နှင့်

# သိကြားမင်းရှုတ်ဆိုသောဂါထာ

ဟောကြားသောနေ့

(၁၄.၆.၆၁)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

သစ္စာ(၄)ပါး တရားတော် အမှတ်စဉ် (၁၁)မှ

ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဘုရားအကြိုက်ဆုံး ပူဇော်နည်း

ဟောကြားသောနေ့
(၁၄.၆.၆၁)

အခါကာလ မဟုတ်ဘဲနဲ့ ပွင့်လာတဲ့ ပန်းပွင့်တွေက ဘုရားကို ပန်းမွှေ့ရာအဖြစ်နဲ့ ပူဇော်ကြတယ်လို့ မနေ့က ပြော ခဲ့တယ် (မှန်ပါ)။

လူတွင်မက ကာမာဝစာရ နတ်သားတွေကလည်း စတု မဟာရာဇ် တာဝတိံသာက လာပြီးသကာလ...ဘုရား ပရိနိဗ္ဗာန် စံခါနီးမှာ မောင်နိုင်၊ မကြဲချဘူးလား...(ကြဲချပါတယ်ဘုရား)။

## ဗြဟ္မာတွေက ပူဇော်ကြတယ်

ဒါတွင်မကသေးပါဘူးတဲ့၊ ဗြဟ္မာတွေကလည်း အင်မတန် မွှေးကြိုင်တဲ့ အမှုန့်တွေ နံ့သာမှုန့်တွေကို ဘုရားသခင် ကိုယ် တော်မြတ်ကြီး ပရိနိဗ္ဗာန် စံခါနီးမှာ အကုန်ကြဲပြီး သကာလ ဒီနေရာ ချကြလို့ မွှေးကြိုင်နေကြတာပဲ။ ဒါလည်း ပူဇော်တာပဲ မဟုတ်လား...(မှန်ပါ)။

www.dhammadownload.com



နောက်တစ်ခါ အားလုံးသောနတ်တွေ အကုန်လာပြီး အတီးတွေ၊ အမှုတ်တွေနဲ့ အမျိုးမျိုးအဖုံဖုံ ကောင်းကင်းက မပူဇော်ကြဘူးလား…(ပူဇော်ပါတယ်ဘုရား)။

## အသက်မရှိတဲ့ အင်ကြင်းပင်ကြီးကလည်း ပူဇော်တယ်

အဲဒီတော့ ရှင်အာနန္ဒာက အံ့အားသင့်တယ်။ ပရိနိဗ္ဗာန်စံကာနီး ရှင်အာနန္ဒာက အံ့အားသင့်ပြီးသကာလ မေးတယ်။ ဩော်…အသက်မရှိတဲ့အင်ကြင်းပင်ကြီးနှစ်ပင်ကလည်း အခါကာလ မဟုတ်ဘဲနဲ့ပွင့်တယ်၊ ပွင့်ပြီး ပန်းပွင့်တွေ ချက်ချင်းကြွေကျတယ်။ ဘုရားကို ပန်းမွေ့ရာအဖြစ်နဲ့ ပူဇော်ကြတယ်။ မန္ဒာရဝနတ်ပန်းတွေကလည်း ထို့အတူ ပူဇော်ကြတယ်။ တယ် ကြည်ညိုစရာကောင်းပါလား။ ပူဇော်တာတွေကဖြင့် မနည်းလှပါကလား၊ နတ်တွေကလည်း တီးကြမှုတ်ကြနဲ့ ကောင်းကင်းကနေပြီး တီးကြမှုတ်ကြပြီး ပရိနိဗ္ဗာန်စံခါနီး ပူဇော်ကြတယ်။ အဲဒါ ရှင်အာနန္ဒာက သိတယ်နော်…(မှန်ပါ)။

ရှင်အာနန္ဒာက သိလို့ ရှင်အာနန္ဒာက အရှင်ဘုရား ဒီပူဇော်ပွဲကြီးကဖြင့် ခမ်းနားပါပေတယ်၊ ကြီးကျယ်ပါပေတယ်။ အတီးတွေရော၊ အမှုတ်တွေရော၊ ပန်းတွေရော စုံလို့ပါပဲ။

## ဘုရားအကြိုက်တော့ မကျသေးဘူး

ညီတော် အာနန္ဒာတဲ့၊ ဒီပူဇော်ခြင်းသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ကသိလ်တော့ရပါတယ်ကွာ…ငါ ဘုရား အကြိုက်တော့

www.dhammadownload.com



တော့ မကျသေးဘူးတဲ့၊ ကုသိုလ်တော့ (ရပါတယ်ဘုရား)၊ ဘုရားအကြိုက်ဆုံးတော့ (မကျသေးပါဘုရား)၊ ဒါကလေး မှတ်ထားကြပါ...(မှန်ပါ့)၊ ဒါကလေး မှတ်ထားကြပါ ဒကာ၊ ဒကာမတို့၊ ဘုရားကတော့ ပူဇော်တာ ကုသိုလ်တော့ ရပါတယ်တဲ့။ သို့သော် ငါဘုရား အကြိုက်ဆုံးတော့ မကျဘူး...(မှန်ပါ့) သဘောပါပလား...(ပါပါတယ်ဘုရား)။

ကောင်းကင်က အတီးအမှုတ်တွေနဲ့ ပူဇော်နေတာပဲ ဒကာ၊ ဒကာမတို့၊ အဲဒါ ပူဇော်နေတဲ့ ဥစ္စာ ညီတော်အာနန္ဒာ ခေါ်ပြီးသကာလ ပြောတယ်။ ညီတော်အာနန္ဒာ...အခု ပူဇော် ပသနေကြတာတွေ မြင်ပြီလားကွ...တဲ့။ မြင်ပါပြီဘုရား... အင်မတန် ထူးထူးခြားခြားကြီး...။

## နတ်တွေက ပူဇော်ကြတယ်

အဲဒါ ငါဘုရားအကြိုက် မကျသေးဘူးကွ၊ ကုသိုလ်တော့ ရပါရဲ့၊ ငါဘုရား ပူဇော်တာတွေ အင်ကြင်းပင်ကြီးကလည်း ပူဇော်၊ ကောင်းကင်ကလည်း စတုမဟာရာဇ်တာဝတိံသာ ယာမာ နတ်တွေကလည်း ပန်းအမျိုးမျိုး၊ အမွှေးအကြိုင်အမျိုးမျိုး၊ အတီး အမှုတ်အမျိုးမျိုးနဲ့ ပူဇော်ကြတာတွေဟာ ပူဇော်တော့ ပူဇော် ကြတာပဲ၊ ငါဘုရား အကြိုက်ကြီးတော့ မကျသေးဘူး။ ကုသိုလ် တော့ ရရဲ့...(မှန်ပါ့) မောင်နိုင် ကျေနပ်ပလား...(ကျေနပ် ပါတယ်ဘုရား) ကိုပေါ် သဘောကျပလား...(ကျပါပြီ)။

ငါဘုရားအကြိုက်ကို သေသေချာချာ ပရိနိဗ္ဗာန်စံကာနီး

www.dhammadownload.com



မင်းတို့ကို ငါပြောမယ် သဘောကျပလား...(ကျပါပြီဘုရား)။

**ဘုရားအကြိုက်ဆုံး ပူဇော်နည်း**

ငါဘုရားအကြိုက်ကို ငါ သေသေချာချာ ပြောရလို့ရှိရင် "ဓမ္မာနုဓမ္မပဋိပန္နော သာမိစိပဋိပန္နော အနုဓမ္မစာရီ"ဟာ ငါအကြိုက်ဆုံးပဲ၊ အလုပ်လုပ်နေပြီးသကာလ နေတာဟာ ငါဘုရားကို ပူဇော်နေတာပဲ...(မှန်ပါ့)၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

အနိစ္စ ရှုနေတာဟာ ဘာပါလိမ့်...(ဘုရားပူဇော်နေတာပါဘုရား)၊ ဩော်...ဘုရားပူဇော်နေတာဟာ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောလို့ သိရပေတယ်၊ ဒီ သိကြတာသည်ကားလို့ ဆိုရင် ဘုရားပေါ်မှာလည်း ပူဇော်ရာရောက်၊ သူလည်း နိဗ္ဗာန်ဆိုတဲ့ ထွက်ရပ်လမ်း မရောက်ပေဘူးလား...(ရောက်ပါတယ်ဘုရား)။

အဲဒီ ငါကလည်း ထွက်ရပ်လမ်းကို မင်းတို့ကို ရောက်စေချင်တယ်။ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ရောက်စေချင်တယ်။ မင်းတို့ကလည်း ရောက်တဲ့ အလုပ်လုပ်တော့ ငါဘုရားအကြိုက်ကျတဲ့ ဒီပူဇော်ပုံမျိုးကျတော့ ငါက အကြိုက်ဆုံး လက်ခံတယ်(မှန်ပါ့)၊ သဘောပါကြလား...(ပါပါပြီဘုရား)။

ဘုရားအကြိုက်ဆုံး လက်ခံတာက ဘယ်ဟာလက်ခံတာတုံး...(တရားကျင့်တာပါဘုရား)၊ တရားကျင့်ကြံကြိုးကုတ်အားထုတ်တာကို အကြိုက်ဆုံး ပူဇော်ခြင်းအဖြစ်နဲ့ လက်ခံပါ

www.dhammadownload.com



တယ်...(မှန်ပါ)၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

**ရွတ်နေတာတွေ မယူနဲ့**

တရားနဲ့ ပူဇော်တယ်ဆိုတာ ရွတ်နေတာတွေ သွားမယူနဲ့နော်...(မှန်ပါ)၊ "ဣတိပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" ဆိုတာတွေ သွားယူမနေနဲ့ တဲ့။ တရားကျင့်ကြံကြိုးကုတ် အားထုတ်နေတာကို မောင်နိုင်ရေ...ဒီဥစ္စာ ပူဇော်တာမှတ်...(မှန်ပါဘုရား)။

ဘုရားက သူ နိဗ္ဗာန်ရောက်သလို ရောက်စေချင်တဲ့ဆန္ဒ အစက မရှိဘူးလား...(ရှိပါတယ်ဘုရား)၊ ဒီကလည်း နိဗ္ဗာန်ရောက်တဲ့အလုပ်ကို လုပ်နေတော့ ပိုမိုပြီး ဘယ်လောက်ထိအောင်ပဲ ပူဇော်ခံပြီး ဝမ်းမြောက်မယ်ဆိုတဲ့ဥစ္စာ ဘုရား ဝမ်းမြောက်တော်မူတာလည်း ပေါ်လောက်ပါပြီ...(ပေါ်ပါပြီဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒကာ၊ ဒကာမတို့ ဘုရားအကြိုက်ဆုံး ပူဇော်ခြင်း ကြိုက်တာက ဘယ်ဟာ ကြိုက်တာတုံး...(တရားကျင့်မှုကို ကြိုက်ပါတယ်ဘုရား)။

**တရားအားထုတ်နေတာ အမြတ်ဆုံး ပူဇော်ခြင်း**

တရားကျင့်ကြံကြိုးကုတ် အားထုတ်မှုဟာ ပူဇော်တကာ့ပူဇော်ထဲမှာ အမြတ်ဆုံးပူဇော်ခြင်း၊ ပရမာယ ပူဇာယလို့ ဆိုခြင်းကြောင့် ဒကာ၊ ဒကာမတို့ ဘာမှတော့ သဒ္ဓါတရားတွေနဲ့

www.dhammadownload.com



အလျှင်မလုပ်ပါနဲ့၊ ပူဇော်အစစ်သာ ရှာ၊ အကြိုက်ဆုံးပါပဲ… (မှန်ပါ့)၊ ကိုဝ ကျေနပ်ပလား…(ကျေနပ်ပါပြီဘုရား)။

တရားအားထုတ်နေတာသည် ဒကာ၊ ဒကာမတို့ ဥဒယဗ္ဗယဆိုတဲ့ ဖြစ်မှုပျက်မှုတွေ ရှုနေတာ၊ ဖြစ်မှုပျက်မှုတွေ မှန်းပြီးသကာလ နေတဲ့ ဉာဏ်၊ ဖြစ်မှုပျက်မှုကလေးတွေ သိတဲ့ ဉာဏ်တွေ သူ့ဟာသူတက်ပြီး ဖြစ်ပျက်မှုတွေဆုံးသွားတဲ့ နိဗ္ဗာန်များရောက်မယ်ဆိုတော့ အို…ငါဘုရား ပူဇော်နေလိုက်တာ ငါဒီလောက် သူတို့ကို ရောက်စေချင်တယ်၊ ရောက်တဲ့အလုပ်ကို လုပ်နေတယ်ဆို ဝမ်းသာလိုက်တာကွာ…တဲ့၊ ဘုရားက…(မှန်ပါ့) သဘောကျကြပလား…(ကျပါပြီဘုရား)။

ဒါဖြင့် အကြိုက်ဆုံး ပူဇော်ခြင်းဟာ ဘာပါလိမ့်မလဲ … (တရားကျင့်ကြံကြိုးကုတ် အားထုတ်မှုပါဘုရား)။

## တရားအားထုတ်နေတာ ဘုရားအကြိုက်ဆုံး

ဩော်…တရားအားထုတ်နေတာဟာ ခင်ဗျားတို့က လက်အုပ် မချီကြားသော်လည်း အကြိုက်ဆုံး ပူဇော်ခြင်းပဲ…(မှန်ပါ့ဘုရား)။

လက်အုပ် မချီကြားသော်လည်း (အကြိုက်ဆုံး ပူဇော်ခြင်းပါဘုရား)…ရှင်းပလား…(ရှင်းပါပြီဘုရား)။

အဲဒီလို သိပြီး သကာလ ဒါက မောင်နိုင်တို့၊ ကိုစံမြတို့၊ ကိုပေါ်တို့က စဉ်းစားလိုက်၊ ဩော်…ဘယ်နှယ်ကြောင့် ဒီစကား သုံးပါလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား…(လိုပါတယ်

www.dhammadownload.com



ဘုရား)။

ခုနင်က အချိန်မရောက်ဘဲနဲ့ အင်ကြင်းပင်တွေက ပရိနိဗ္ဗာန် စံယူမည့်အချိန်မှာ အချိန်ကာလ မဟုတ်ဘဲနဲ့ တစ်ပြိုင်နက် ပွင့်တယ်၊ ခြေရင်းက ခေါင်းရင်းကနေ ပွင့်ပြီးကိုင်းတယ်၊ ကိုင်းလာပြီးမှ အပွင့်တွေ ကြွေကျတယ်...(မှန်ပါ)၊ သဘောကျပလား...(ကျပါတယ်ဘုရား)။

မန္ဒာရဝ နတ်ပန်းတွေကလည်း လူတွေ မမြင်ရပါဘူး။ ကောင်းကင်က ကြွေကျပြီး ဘုရားရှေ့တော်မှောက်မှာ ပူဇော်နေကြတယ်...(ပူဇော်ပါတယ်ဘုရား) အင်မတန် မွှေးကြိုင်တာတွေ ဗြဟ္မာတွေကလည်း ယူလာပြီးသကာလ မပူဇော်ကြဘူးလား (ပူဇော်ပါတယ်ဘုရား)။

အဲဒါ ဘုရားက အကျေနပ်ကြီး ကျေနပ်တော်မူတဲ့ ပူဇော်ပွဲလားလို့ မောင်နိုင်တို့ မေးနေလို့ ဘုရားက ထုတ်ပြောပြီ...(မှန်ပါ)။

ကောင်းကင်းက ပူဇော်တာ အတီးတွေ၊ အမှုတ်တွေနဲ့ ပူဇော်နေတာကွာ...တဲ့။ အမြတ်ဆုံး ပူဇော်ခြင်းလို့ ငါမမြင်သေးပါဘူးတဲ့...(မှန်ပါ)။

## တရားကျင့်ပြီး ပူဇော်တာ အကောင်းဆုံး

ဓမ္မာနုဓမ္မပဋိပန္န = တရားကျင့်နေတာ၊ ဖြစ်ပျက်ရှုလို့ ဖြစ်ပျက် သိနေတာ၊ ဖြစ်ပျက်အဆုံး နိဗ္ဗာန်အာရုံပြုပြီးသကာလ နေတာ အဲဒါ သူတို့ဟာသူတို့ လုပ်ကြသော်လည်း ငါ့ဟောတာ

www.dhammadownload.com



ဒီဟာ လုပ်စေချင်လို့၊ ဒီဟာလုပ်တော့ ဝမ်းသာတာပေါ့တဲ့... (မှန်ပါ့)။ ကိုစံမြ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေလည်း ဆရာသမားကို ဘာနဲ့ ပူဇော်တာ အကောင်းဆုံးလဲ ဆိုလို့ရှိရင်လည်း မောင်နိုင်ရေ...(တရားကျင့်တာပါဘုရား)၊ တရားကျင့်ပြီး ကိုဝ ပူဇော်နေတာ အကောင်းဆုံးပဲ (မှန်ပါ့)၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဒါကြောင့် ဒါနဲ့ပဲ မောင်နိုင်ရေ..စပ်မိလို့ပဲ အဲဒီအချိန်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး နောက်သုံးလရှိ ပရိနိဗ္ဗာန်စံမယ်ဆိုပြီး အခု အင်ကြင်းပင်တွေအောက်တောင် ရောက်လာပြီဆိုတာ မောင်နိုင် သိပြီ...(သိပါပြီဘုရား)။

## တိဿရဟန်းကြီး တရားအားထုတ်နေတယ်

အဲဒီမှာ တိဿဆိုတဲ့ ရဟန်းကြီးတစ်ပါးက ဘုရား ပရိနိဗ္ဗာန်မစံမီ သူက ဘုရားအကြိုက်ဖြစ်တဲ့ နိဗ္ဗာန်အရောက် လုပ်မယ်လို့ အမြဲစွဲမြဲထားပြီးသကာလ မောင်နိုင် ဝိပဿနာအလုပ် လုပ်တယ်နော်...(မှန်ပါ့)။

ဝိပဿနာအလုပ် လုပ်ပြီးသကာလနေတော့ ဒီပြင်ရဟန်းတွေကတော့ မသိလား မရှိလားဆိုပြီး တိဿကြီး သွားခေါ်ကြတယ် ကိုဝနော် (မှန်ပါ့)။

ခေါ်ပင်ခေါ်ငြားသော်လည်း မလိုက်လာဘူး၊ မလိုက်လာလို့ ဘုရားသွားလျှောက်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး

www.dhammadownload.com



ကကွာ တိဿ ငါ့ဆီက တရားတွေ ယူပြီးသကာလ တရားတွေ ကြိုးစားပြီးသကာလ... ငါဘုရား မမာတော့ ပြန်လို့မှ လှည့်မကြည့်ဘူး။

အရှင်ဘုရား၊ ဒါကြောင့် တိဿကြီး တပည့်တော်တို့ နှစ်ခါရှိပါပြီ သွားခေါ်တာ။

## ဘုရားအမိန့်နဲ့ ခေါ်တယ်

ကဲ...ဒါဖြင့် ငါ့အမိန့်နဲ့ ခေါ်လိုက်ပါဦးကွ...ဆိုပြီး မောင်နိုင် အခေါ် မခိုင်းဘူးလား...(ခိုင်းပါတယ်ဘုရား)။

အဲဒီတော့ ဘုရားအမိန့်ဆိုတော့ ကိုဝရေ၊ လိုက်လာတာပေါ့...(မှန်ပါ့)၊ လိုက်လာတဲ့ အခါကျတော့ တိဿ၊ ငါအခု ပရိနိဗ္ဗာန် စံတော့မယ်ဆိုတာ မင်း မသိဘူးလား။ သိပါတယ် ဘုရား...တဲ့။

နို့...ဘာဖြစ်လို့ ဝေယျာဝစ္စတွေ၊ ဝေယျာဝစ္စဒါန၊ ဝေယျာဝစ္စသီလတွေ ဆေးရှာဝါးရှာတဲ့ဒါန ငါကိုယ်တော်မြတ်ကြီး ပြုစုတဲ့ ဝေယျာဝစ္စသီလတွေကို မင်း...ကျေးဇူးရှင်ကို ကျေးဇူး မသိတတ်လို့ မပြုဘဲ နေတာလားလို့ မောင်နိုင် မေးတယ်... (မှန်ပါ့)။

တပည့်တော်ဘုရား ကျေးဇူးရှင်၏ ကျေးဇူးကို သိတတ်ပါတယ်။ သို့သော်လည်း အရှင်ဘုရားက ထွက်သက် ဝင်သက်ရှိတုန်းမှာ မင်းရုပ်နာမ်ဓမ္မတွေ၏ ဖြစ်ပျက်ရှုရမယ်၊ ၄င်းဖြစ်ပျက် အဆုံးမှာမှ နိဗ္ဗာန်ရှိတယ်ဆိုတာ အရှင်ဘုရားက ဟောထားလို့

www.dhammadownload.com



တပည့်တော်က ဒီဟာတွေ အမိပ္ပာယ်အစကတည်းက တွေးပြီး သကာလနေတော့ ဖြစ်ပျက်အဆုံးကို အရှင်ဘုရားရှိတုန်း ရောက်အောင်လို့ ကြိုးစားနေပါတယ်ဘုရား၊ ဒါကြောင့် အရှင်ဘုရားဆီ ဝေယျာဝစ္စ လာပြုခြင်း အလုပ်ကို တပည့်တော်မလုပ်ပါဘုရား ဆိုတော့မှ ဒကာ၊ ဒကာမတို့ သာဓု...သာဓု...သာဓု သုံးကြိမ်ခေါ်တယ်...(မှန်ပါ)၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

## ဘုရားက သာဓုခေါ်တယ်

သာဓု...သာဓု...သာဓု ဘယ်နှစ်ကြိမ် ခေါ်ပါလိမ့် (သုံးကြိမ်ခေါ်ပါတယ်ဘုရား)။

ဟောဒီ ငါ့နားမှာ ပြုစုနေကြတဲ့ ပုဂ္ဂိုလ်တွေက ဓမ္မနဲ့ ပူဇော်ရာ မရောက်ဘူးကွ၊ ဝေယျာဝစ္စသီလကလေးနဲ့ ကျေနပ်နေကြတယ် (မှန်ပါ)။ ထိုပုဂ္ဂိုလ်က ဓမ္မာနုဓမ္မပဋိပတ်နဲ့ ပူဇော်နေတာကွ၊ တိဿက...တိဿကနော်...(မှန်ပါ)၊ တိဿက တရားနဲ့ ပူဇော်တာကွ၊ မင်းတို့က တရားနဲ့ ပူဇော်တာမဟုတ်ဘူး ဝေယျာဝစ္စနဲ့ ပူဇော်နေတာ ဖြစ်သောကြောင့် ငါဘုရားကို တကယ်တမ်း ကြည်ညိုလေးစားကြပါမူကား ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကို လုပ်ပါမှ ငါဘုရားကို အကြီးဆုံး ပူဇော်တာပဲ လို့ အဲဒါ ဓမ္မပဒမှာ လာတယ်...(မှန်ပါ) မောင်နိုင် ရှင်းပလား... (ရှင်းပါပြီဘုရား)။

နောက်က ဒကာ၊ ဒကာမတွေ အကြိုက်ဆုံးပူဇော်တဲ့

www.dhammadownload.com



အလုပ်ဟာ ဘာပါလိမ့် (ဓမ္မနုဓမ္မပဋိပတ္တိအလုပ်ပါဘုရား)။

တရားကျင့်ကြံကြိုးကုတ် အားထုတ်နေတာဟာအကြိုက်ဆုံး ပူဇော်တာပဲဆိုတာ ဒကာ၊ ဒကာမတွေ သေသေချာချာ မှတ်ပါ ...(မှန်ပါ့)။

ကဲ...မောင်နိုင်ရေ ရှင်းပလား(ရှင်းပါပြီဘုရား)၊ အဲဒီတော့ ဒကာ၊ ဒကာမတို့ ဆရာသမား ပူဇော်တယ်ဆိုတာလည်း တရားနဲ့ နေမှုပဲ (မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဆရာသမားက နေ့တိုင်းဟောတာလည်း နေ့တိုင်းဆုပေးတာကို ဒကာ၊ ဒကာမတွေ နားထောင်ကြည့် သိပါတယ် (မှန်ပါ့)၊ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်ကို ကျေးဇူးပြုပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည် ဖြစ်စေ၊ နိဗ္ဗာန်သို့ ရောက်သည်ဖြစ်စေလို့ မပေးဘူးလား... (ပေးပါတယ်ဘုရား)။

ဘယ်နှစ်ခါ ပေးသတုံးလို့ မေးလို့ရှိရင် နေ့တိုင်းပေးပါတယ်ဘုရားလို့ ဆိုရမယ် (မှန်ပါ့)။

ကဲ...ဒါဟာ ဘုရားရဲ့ တပည့်သား ဖြစ်တဲ့အတွက် ဆရာသမား အလိုရှိတာ ဝမ်းထဲက ထုတ်ပြောတာပဲ...(မှန်ပါ့)။

ခင်ဗျားတို့ ဝိပဿနာဉာဏ် အားထုတ်တာ ဝိပဿနာဉာဏ်ကနေပြီး မဂ်ဉာဏ်ကျေးဇူးပြုပါလိမ့်မယ်။ အဲဒီ မဂ်ဉာဏ်ကနေပြီး နိဗ္ဗာန်ကို မြင်ပါလိမ့်မယ်။ အဲဒါကို ခင်ဗျားတို့ အားထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်ကို ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဖြစ်စေ...

www.dhammadownload.com



(မှန်ပါ့ဘုရား) မောင်နိုင်၊ နေ့တိုင်း မပေးဘူးလား...(ပေးပါတယ်ဘုရား)။

ဝိပဿနာ လုပ်ပြီးသကာလ မဂ်ဉာဏ်ရောက်ပါစေ၊ မဂ်ဉာဏ်ရောက်ပြီးသကာလ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သည်ဖြစ်စေလို့ အားလုံး ဒကာ၊ ဒကာမတို့ နေ့တိုင်း မပေးဘူးလား (ပေးပါတယ်ဘုရား)။

ဆရာအလိုရှိတာ ဒါပဲ(မှန်ပါ့)၊ ဘုရားအလိုရှိတာလည်း (ဒါပါပဲဘုရား)။

## ဒီအလုပ် လုပ်နေရင် ပူဇော်ရာရောက်တယ်

အဲဒီတော့ ဒကာ၊ ဒကာမတွေ ဒီအလုပ်လုပ် နေလို့ ရှိရင်ဖြင့် ဆရာသမားကို ပူဇော်ရာ၊ ဘုရားကိုပူဇော်ရာ၊ သေသေချာချာ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

အဲ-သေသေချာချာ ရောက်တဲ့အတွက် ဩော်...ဘုရားအကြိုက်လည်း ဒါပဲ၊ တို့ဆရာသမားအကြိုက်လည်း ဘုရား၏တပည့်သားဖြစ်သောကြောင့် ဒါပဲ၊ အတုလိုက်ပြီး ကြိုက်တာပဲဆိုပြီး ဒါကြိုးစားရမှာ ကိုဝ (မှန်ပါ့)၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါပဲ ကြိုးစားစရာ ရှိတယ်ဆိုတော့ မနေ့ကပဲ ဒကာ၊ ဒကာမတွေ တချို့ မပါလာလို့ ပြောပါတယ်၊ ဒီအင်ကြင်းပင်ပျို ကြားမှာ မြောက်သို့ ခေါင်းပြုပြီးသကာလ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် စံတော့မည့်အချိန် ရောက်တဲ့အခါကျတော့ မြတ်စွာ

www.dhammadownload.com



ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ငါကွာ...တဲ့၊ မင်းတို့ကို ၄၅-ဝါ ကာလပတ်လုံး ဟောတဲ့ တရားတွေကို အကျဉ်းချုပ်ကလေး တစ်လုံးတော့ မင်းတို့ကို ဆုံးမ ချင်သေးတယ်ဆိုပြီး မဆုံးမဘူးလား...(ဆုံးမပါတယ်ဘုရား)။

## တရားကို ချုပ်လိုက်ရင် တစ်လုံးနဲ့ ပြီးတယ်

၄၅-ဝါ ဟောထားတဲ့ တရားကို ချုပ်ယူလိုက်လို့ရှိရင် တစ်လုံးတည်းနဲ့ ပြီးပါတယ်ကွာ...ဆိုတာကော မပြောဘူးလား...(ပြောပါတယ်ဘုရား)။

ဘယ်နှစ်လုံးနဲ့ ပြီးသလဲ...(တစ်လုံးနဲ့ ပြီးပါတယ်ဘုရား) ကဲ...ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ အလိုလိုပဲ ခင်ဗျားတို့ သန္တာန်မှာရှိ၍ ဝေဒနာကလေးတွေဟာ အလိုလို ပေါ်သလား၊ ဟုတ်လား ရုပ်တရားဟာ အလိုလို ပေါ်သလားဆိုတာ အလိုလို ပေါ်တယ်ဆိုရင် မောင်နိုင်ထမင်းမကျွေးနဲ့ (မှန်ပါ့)၊ ထမင်းကြောင့်ဖြစ်တဲ့ ရုပ် မလာဘူး။ မဟုတ်ဘူးလား (မလာပါဘုရား)၊ အအေးမခံနဲ့၊ အအေးကြောင့်ဖြစ်တဲ့ ရုပ်ကော (မလာပါဘုရား)။

## ခန္ဓာကိုယ်ကြီးဟာ သင်္ခါရတရား

ဒါဖြင့် မင်းတို့ ခန္ဓာကိုယ်ကြီးဟာ ပြုပြင်မှု ပေါ်လာတဲ့ သင်္ခါရတရားရုပ် (မှန်ပါ့)။

ခန္ဓာကိုယ်ကြီးဟာ ဘာတဲ့...(ပြုပြင်မှု ပေါ်လာတဲ့ သင်္ခါရ

www.dhammadownload.com



တရားရှုပ်ပါဘုရား)။

ပြုပြင်မှ ပေါ်လာတဲ့ တရားချည်းပဲ ဒကာ၊ ဒကာမတွေ တရားတစ်ပွဲလုံးမှာဖြင့် ကိုယ်စိုးကိုယ်ပိုင်ထားတဲ့ ဥစ္စာများ ပါကြရဲ့လား…(မပါပါဘုရား)။

အင်း…ပြုပြင်လို့ ပေါ်လာတဲ့ တရားကြီးနဲ့ အခု တရား နာနေကြတယ်(မှန်ပါ့) ဘုန်းကြီးက ဟောနေတာလဲ ပြုပြင်လို့ ပေါ်လာတဲ့ တရားကြီးနဲ့ ဟောနေတယ်လို့ပဲ မှတ်ရုံပဲ(မှန်ပါ့)။

အဲဒီ ပြုပြင်လို့ ပေါ်လာတဲ့တရား ဟူသရွေ့ဟာဖြင့် ဒကာ၊ ဒကာမတွေ မှတ်လိုက်စမ်းပါတဲ့ သင်္ခါရတရားချည်း မှတ်လိုက်ပါ…(မှန်ပါ့)။

ဒါကြောင့် ခန္ဓာငါးပါး သင်္ခါရတရားတို့သည်ဆိုတာ မောင်နိုင် ကျေနပ်ဖို့ကောင်းပါတယ်…(ကောင်းပါတယ် ဘုရား)။

ခန္ဓာငါးပါး…ဘာတဲ့…(သင်္ခါရတရားပါဘုရား) ပြုပြင်လို့ ပေါ်လာတာ (မှန်ပါ့)။

ကိုဝ ဘယ့်နှယ်တုံး (ပြုပြင်လို့ ပေါ်လာတာပါဘုရား) ဆေးနဲ့ ပြုပြင်လိုက်တဲ့အခါကျတော့ ရောဂါပျောက်တဲ့ ဆေးရုပ် ပေါ်လာတယ် (မှန်ပါ)၊ လူမမာတွေများ ဆေးပေးလိုက်တဲ့အခါ ကျတော့ နက်ဖြန် ရုပ်သွားကြည့်တော့ ဟာ…ငါ့ဆေးနဲ့ တည့် ပြီဆိုတာ သူ သိတယ်…(မှန်ပါ့) မသိဘူးလား…(သိပါတယ် ဘုရား) ဆေးကြောင့်ဖြစ်တဲ့ ဆေးရုပ်ကို ပြတယ်…(မှန်ပါ့)။

ဒါဖြင့် ဆေးတည်းဟူသော တရားက ပြုပြင်လိုက်လို့

www.dhammadownload.com



ဆေးကြောင့် သက်သာတဲ့ရုပ် ပေါ်မလာဘူးလား...(ပေါ်လာပါတယ်ဘုရား)။

## ပြုပြင်လို့ ပေါ်လာတဲ့ သင်္ခါရတရား

အဲဒီ ပေါ်လာတဲ့ တရားဟာ သင်္ခါရတရား (မှန်ပါ့ဘုရား) ပြုပြင်လို့ ပေါ်လာတဲ့ တရားဟာ သင်္ခါရတရား(မှန်ပါ)။

ထမင်းစားကောင်းတော့ ဒကာ၊ ဒကာမတွေ ရုပ်ကလေးတွေ ဘယ့်နှယ်နေကြသလဲ(ကြည်ပါတယ်ဘုရား)၊ ကြည်တယ်၊ ဝတယ် ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် အဲဒီကြည်တဲ့ ဝတဲ့ရုပ်ကို ဘာရုပ်လို့ ခေါ်မလဲ (သင်္ခါရရုပ်ပါဘုရား) သင်္ခါရတရား...။

စားလို့ကောင်းလိုက်တာဆိုတော့ ကောင်းလုံးကလေးဟာလည်း အရသာက ပြုပြင်ပေးလို့ မောင်နိုင်ဆိုတာ ဖြစ်လာတာ (မှန်ပါ့ဘုရား)။ အရသာက မပြုပြင်လိုက်ရင် (မဖြစ်ပါဘုရား)။

ဒါဖြင့် ကောင်းလုံးလေးတွေ ဝေဒနာက္ခန္ဓာဟာ ဘာတုံး...(သင်္ခါရတရားပါဘုရား)။ အင်း...ဘာနဲ့ ဘာချက်ထားတာကိုးဆိုတဲ့ အမှတ်ကလေးဟာလည်း...(သင်္ခါရပါ)၊သင်္ခါရတရားပဲ(မှန်ပါ့)၊ စားလိုတဲ့ စေတနာကလေးကို ချက်ချင်းပေါ်လာတာပဲ ဆိုတာကော..(သင်္ခါရတရားပါဘုရား)။

အို...ကျုပ်၊ ဒီ စားချင်တဲ့စိတ်နဲ့ကို စားလိုက်တာ၊ အာနာပါးနာ စားနေတာ မဟုတ်ပါဘူး၊ တကယ့် စားချင်တဲ့

www.dhammadownload.com



စိတ်နဲ့ကို ဒီထမင်းတွေ၊ ဒီဟင်းတွေ မြင်ကတည်းကိုက စားချင်တဲ့စိတ် ပေါ်လာတယ်။ ဟင်းထမင်းက ပြုပြင်လို့ စားချင်တဲ့စိတ် ပေါ်လာတယ်...(မှန်ပါ့)။

**ဘုရား၏ နောက်ဆုံးစကား**

ဒါဖြင့် ခန္ဓာငါးပါးစလုံးဟာ ဘာတရားလို့ ခေါ်ကြမလဲ (သင်္ခါရတရားပါဘုရား) ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးစလုံး ဘာတရားပါလိမ့်...(သင်္ခါရတရားပါ) ကျေနပ်ကြရဲ့လား...(ကျေနပ်ပါတယ်ဘုရား)။

**"ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။**

**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"**

ဘိက္ခဝေ–ငါ၏ချစ်သား တပည့်များတို့၊ ဟန္ဒ–ကိုယ်တော်ပန်း၍ နှမ်းလှလေပြီ၊ ဝေါ–တုမှာကံ–သင်ချစ်သားတို့အား၊ အာမန္တယာမိ–ငါ နောက်ဆုံးစကား မှာမယ်ဆိုပြီးတော့ ဘုရားက မမှာဘူးလား (မှာပါတယ်ဘုရား)။

သင်္ခါရာ–မင်းတို့ပြုပြင်လို့ ပေါ်လာတဲ့ မင်းတို့ခန္ဓာငါးပါး ရှိတယ်ကွာတဲ့...(မှန်ပါ့)။

**ပြုပြင်လို့ ပေါ်လာတဲ့ တရားဟာ ပျက်တယ်**

သင်္ခါရာ– ပြုပြင်လို့ပေါ်လာတဲ့ ခန္ဓာငါးပါး မရှိကြဘူးလား (ရှိပါတယ်ဘုရား)၊ ဝယဓမ္မာ–ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းဖြစ်တယ် မဟောဘူးလား...(ဟောပါတယ်ဘုရား)၊

www.dhammadownload.com



ပြုပြင်လို ပေါ်လာတဲ့တရားဟာ ကုန်ဆုံးပျက်တယ် (မှန်ပါ)။

ပြုပြင်လို့ ပေါ်လာတဲ့ တရားဟူသရွေ့ (ကုန်ဆုံးပျက်ပါတယ်ဘုရား) ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းမှာ လမ်းဆုံးသွားတယ်ဆိုတာ ဒကာ၊ ဒကာမတွေ ကျေနပ်ပလား...(ကျေနပ်ပါတယ်ဘုရား)။

ပြုပြင်လို့ ပေါ်လာတဲ့တရား ဘယ်မှာ လမ်းဆုံးသလဲ (ပျက်ခြင်း၊ ပြုန်းခြင်း၊ ကုန်ဆုံးခြင်းမှာ လမ်းဆုံးပါတယ်ဘုရား)

အဲ...ပေါ်လာတဲ့ တရားဟာဖြင့် ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းမှာပဲ နိဂုံးချုပ်လိုက်ရတယ်(ဝါ) ဇာတ်သိမ်းလိုက်ရတယ်ဆိုတာ မောင်နိုင် ငြင်းဖို့လိုသေးသလား (မလိုပါဘုရား) ကိုစံမြ ကျေနပ်ပလား(ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ သမုတိနယ်ထဲကနေပြီး ပြောကြစို့ ဆိုလို့ရှိရင်ဖြင့် အခု ခန္ဓာကိုယ်ကြီးဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်တဲ့ ခန္ဓာကိုယ်ကြီးဟာဖြင့် ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းဆိုတဲ့ သုသာန်မြေပေါ်မှာ ကျုပ်တို့ ရောက်ရမှာပဲ(မှန်ပါ)။ မရောက်ချင်ပါဘူးဆိုလို့ (မရပါဘုရား)။ မရဘူး၊ ကုန်ခြင်း၊ ဆုံးခြင်း၊ ပျက်ပြုန်းခြင်းမှာပဲ လမ်းဆုံးရမှာပဲဆိုတာ သေချာပလား...(သေချာပါပြီ)၊ အဲဒါက သမုတိသစ္စာ ဟောတာပါ( မှန်ပါ)။

ပရမတ္ထသစ္စာကတော့ အခု လျှာပေါ်မှာ ကောင်းတဲ့ ကောင်လုံးကလေး အခု လျှာပေါ်မှာ ပေါ်၊ လျှာပေါ်မှာပျောက်တာပဲ...(မှန်ပါ) အခု အရသာကလေး စားမိလို့ မောင်နိုင်...

www.dhammadownload.com



ကောင်းလုံးကလေးဟာ ဘယ့်နှယ်နေသတုံး…(အခု ပျောက်သွားပါတယ်ဘုရား)။

အင်း…ကောင်းလုံးကလေး ပေါ်လာတာဟာ သင်္ခါရ ပျောက်တာသည်ကားလို့ ဆိုလို့ရှိရင် အနိစ္စပဲ…(မှန်ပါ့)။

ပေါ်လာတာ (သင်္ခါရပါ)၊ ပျောက်တာ (အနိစ္စပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တို့မှာ ဥပ္ပါဒနဲ့ ဝယပဲ ရှိတာပေါ့ မောင်နိုင်ရေ… (မှန်ပါ့)။ ဘာရှိသတုံး…(ဥပ္ပါဒနဲ့ ဝယပဲ ရှိပါတယ်ဘုရား)။

ဥပ္ပါဒနဲ့ ဝယ ဆိုလို့ရှိရင် ဥပ္ပါဒ–က ဖြစ်တာပဲ၊ ဝယ–က ပျက်တာပဲ…(မှန်ပါ့)၊ ဥပဇ္ဇိတွာ–ဖြစ်ပြီး၍၊ နိရုဇ္ဈန္တိ–ချုပ်ကုန်၏ ဆိုတာလည်း ငြင်းဖို့လိုသေးသလား… (မလိုပါဘုရား)။

တေသံ–ထိုဖြစ်ခြင်း၊ ချုပ်ခြင်းတို့၏၊ ဝူပသမော–မရှိတဲ့ နိဗ္ဗာန်သည်၊ သုခေါ–ချမ်းသာ၏…(မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီ ပါဠိတော်နဲ့ကော မကိုက်ဘူးလား…(ကိုက်ပါတယ်ဘုရား)။

## ပရိနိဗ္ဗာန်စံခါနီး မှာတာက ဘာတဲ့

ကဲ…ဒါဖြင့် ကိုယ်တော်မြတ်ကြီးကိုယ်တိုင် ပရိနိဗ္ဗာန်စံခါနီး ပြောပြတာကလည်း သင်္ခါရတရား ပျက်တတ်သည်။အဲဒါ မမေ့နဲ့၊ ပရိနိဗ္ဗာန်စံခါနီး မှာတာက ဘာတဲ့…(သင်္ခါရတရား

www.dhammadownload.com



(ရှင်းပါပြီဘုရား)။

သင်္ခါရတရား...(ပျက်တတ်ပါသည်) အဲဒါကို... (မမြဲပါနဲ့ပါဘုရား)။

မမြဲပါနဲ့ဆိုတော့ ကျုပ်တို့ ရှိတာက ဘာတရား ရှိသတုံး (သင်္ခါရတရား ရှိပါတယ်ဘုရား)။

အင်း...မမြဲနဲ့ဆိုတော့ စိုက်ကြည့်လိုက်တဲ့အခါကျ တော့ ဘာတွေ့သတုံး...(အပျက်တွေ့ပါတယ်ဘုရား)။ အပျက် တွေ့တယ်၊ ဩော်...သင်္ခါရတရားမို့ ပျက်တာပဲ... (မှန်ပါ)၊ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

သင်္ခါရတရားမို့...(ပျက်ပါတယ်ဘုရား)၊ ပျက်တာပဲ ဆိုတာ ဒကာ၊ ဒကာမတွေက သိလိုက်ပါတယ်။ ဒီသိလုံးကလေး ဟာ မဂ္ဂင်ပါပဲ မောင်နိုင်ရ တခြားမဟုတ်ပါဘူး...(မှန်ပါ)။

သိလုံးကလေးဟာ ဘာခေါ်ကြမယ်...(မဂ္ဂင်ပါဘုရား) သင်္ခါရတရားပျက်တာကို မြင်တယ်ဆိုတော့ မြင်လုံးကလေးဟာ ဘာပါလိမ့်...(မဂ္ဂင်ပါဘုရား)၊ မြင်လုံးကလေးဟာ ဘာပါလိမ့် (မဂ္ဂင်ပါဘုရား)၊ မြင်လုံးကလေးဟာ မဂ္ဂင်ပဲဆိုတာ သေချာကြ ပလား...(သေချာပါတယ်ဘုရား)။

**သင်္ခါရတရား ပျက်တတ်တာ မမြဲနဲ့**

ဒါဖြင့် သင်္ခါရတရား ပျက်တတ်တာကို မမြဲနဲ့ ဆိုလို တယ်။ ဒီထဲမှာ သတိဦးစီးပါကွာ...(မှန်ပါ့)၊ သမာဓိကော... (ဦးစီးပါဘုရား)။ဝီရိယကော...(ဦးစီးပါဘုရား)၊ အကြံကော

www.dhammadownload.com



(ဦးစီးပါဘုရား)၊ ဉာဏ်ကော...(ဦးစီးပါဘုရား)။

အဲ...အကြဲက ဝိတက်၊ ဉာဏ်က ဉာဏ်ပေါ့... မောင်နိုင်(မှန်ပါ့) မဂ္ဂင်ဘယ်နှစ်ပါးတုံး...(ငါးပါးပါဘုရား)။

အဲဒါ ဒကာ၊ ဒကာမတို့ သင်္ခါရတရား ပျက်တတ်တာကို မမေ့နဲ့ဆိုတာ သတိတစ်လုံးတည်းနဲ့ ဒီဥစ္စာကို မြင်ရတာ မဟုတ်ဘူး...(မှန်ပါ့)၊ ငါးပါးပေါင်းလို့ မြင်တာ...(မှန်ပါ့)။

## မဂ္ဂင်အလုပ် လုပ်ရစ်ပါ

ဒါကြောင့် မဂ္ဂင်အလုပ် လုပ်ရစ် ဆိုတာနဲ့ ဘာထူးသေးသတုံး...(မထူးပါဘုရား)၊ ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

သင်္ခါရတရားသည် ပျက်တတ်သည်၊ အဲဒါကို ဘာတဲ့တုံး...(မမေ့ပါနဲ့ပါဘုရား)။

မမေ့နဲ့လို့ ဆိုလိုက်တာ ကိုပေါ်ရေ၊ သတိတစ်လုံးတည်းကို ပဓာနထားလိုက်တာ...(မှန်ပါ့)၊ စင်စစ် သတိတစ်လုံးတည်း ဖြစ်ရိုးထုံးစံက ရှိပါရဲ့လား...(မရှိပါဘုရား)၊ အင်း...ဘာရှိပါလိမ့် ...(မဂ္ဂင်ငါးပါးပါဘုရား)၊ သူနဲ့လေးပါးနဲ့တကွ တွဲမဖြစ်ရဘူးလား...(ဖြစ်ရပါတယ်ဘုရား)။

အေး...ဒါကြောင့် ဒကာ၊ ဒကာမတို့ ဘုရား ပရိနိဗ္ဗာန်စံကာနီး ဘာမှာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ သင်္ခါရတရား ပျက်တတ်သည်။ မမေ့နဲ့ ...(မှန်ပါ့)။ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

သင်္ခါရတရား ပျက်တတ်သည် မမေ့နဲ့လို့ သေသေချာ

www.dhammadownload.com



ချာ မဟောဘူးလား…(ဟောပါတယ်ဘုရား)၊ အဲဒါ မမေ့တဲ့ ဉစ္စာ၊ ဒီတစ်လုံးဟာ ဒကာ၊ ဒကာမတို့ မနေ့ကလည်း နာကြရတယ်။ ဒီနေ့ မနာရသေးတဲ့ ပုဂ္ဂိုလ်အတွက် နည်းနည်းကလေး ဖြတ်ပြောပေးတယ်နော်…(မှန်ပါ့)။

**မမေ့ရစ်ကြနဲ့**

သင်္ခါရတရားပျက်တာတွေ မမေ့ရစ်ကြနဲ့ဆိုပြီး သကာလ မောင်နိုင် တစ်ခါတည်း ပရိနိဗ္ဗာန်စံတယ် ဆိုကြပါစို့…(မှန်ပါ့) သတ္တဝါတွေ ဟောတဲ့တရားမှာဖြင့် ဒါနောက်ဆုံးပိတ်ပဲ (မှန်ပါ့)။

သတ္တဝါတွေဟောတဲ့တရားမှာ…(နောက်ဆုံးပိတ်ပါဘုရား)၊ ဘယ်လိုတဲ့တုံး…(သင်္ခါရတရား ပျက်တာတွေ မမေ့ရစ်ကြနဲ့တဲ့…)။

အဲ…သင်္ခါရတရားပျက်တာတွေ မမေ့နဲ့…(မှန်ပါ့) ရှင်းပလား…(ရှင်းပါပြီဘုရား)။

အဲဒီတော့ မမေ့နဲ့ ဆိုတာ ဒီခန္ဓာ ကြည့် ဆိုတာ…(မှန်ပါ)၊ ဘာဆိုကြတာပါလိမ့်…(ခန္ဓာကြည့်ဆိုတာပါဘုရား)။

ခန္ဓာကြည့်လို့ဆိုတာ ဒကာ၊ ဒကာမတို့ တခြားကြည့်လို့ ဆိုတာလား…(မဟုတ်ပါဘုရား)၊ ရှိတာကလည်း မောင်နိုင်၊ စဉ်းစားကြည့်ပါ၊ သင်္ခါရတရား ဘယ်မှာရှိသလည်း…(ခန္ဓာမှာရှိပါတယ်)၊ နို့…ရှိရာကနေ ပျက်မှာပေါ့၊ မရှိရာက ပျက်လို့ကော…(မရပါဘုရား)။

www.dhammadownload.com



ကဲ...ဒါဖြင့် ရှိတဲ့ သင်္ခါရတရား ဘယ်မှာ လမ်းဆုံးသလဲ...(အပျက်လမ်းဆုံးပါတယ်) အဲဒါကို ဘုရားက ဘယ့်နှယ် မှာသတုံး...(အပျက်ကို မမေ့နဲ့ပါဘုရား)။

## မမေ့ပါနဲ့ဆိုပြီး ပရိနိဗ္ဗာန်စံသွားတယ်

မမေ့နဲ့ဆိုတော့ သင်္ခါရတရားပျက်တာသည် အဲဒါ မမေ့ပါနဲ့လို့ဆိုပြီး ဘုရား ပရိနိဗ္ဗာန်စံသွားတယ်...(မှန်ပါ)။

ဘုရား ပရိနိဗ္ဗာန်စံသွားတယ်ဆိုတာ ဒကာ၊ ဒကာမတို့ နောက်ထပ် စကားမပြောတာပဲ၊ ပရိနိဗ္ဗာန်တော့ စံသေးတာ မဟုတ်ဘူး၊ ဈာန်တွေလှည့်ပတ်ပြီး ဝင်စားနေသေးတယ်...(မှန်ပါ)၊ ဒီဟာပြောတာ တရားတော် ဇာတ်သိမ်းသွားတာပဲ ရှိတာပဲ (မှန်ပါ)၊ နောက်တော့ တရားဟောခွင့်၊ စကားပြောခွင့်တော့ မလုပ်တော့ဘူး။ ဒီဟာ နောက်ဆုံးပိတ် တရားပဲ...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

အင်း ပရိနိဗ္ဗာန် စံရောလားလို့ မေးတော့ မစံသေးပါဘူးတဲ့၊ ပထမဈာန်ဝင်စားလိုက်၊ ဒုတိယဈာန်ဝင်စားလိုက်၊ တတိယဈာန် ဝင်စားလိုက်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ အရူပဈာန်တွေ လှည့်ပြီး ဝင်စားနေတာပဲ...(မှန်ပါ)။

အဲဒီ ဝင်စားပြီးသကာလ ဒီဈာန်တွေ ကုန်ဆုံးပြီး အလယ်ရောက်မှ မောင်နိုင်၊ ပရိနိဗ္ဗာန်စံတာ...(မှန်ပါ)၊ ဈာန်တွေ ဝင်စားနေသေးတယ်နော်...(မှန်ပါ)။

အဲဒီတွင် တစ်ခြားသော ရဟန္တာတွေ မြတ်စွာဘုရား

www.dhammadownload.com



ပရိနိဗ္ဗာန် စံပလားလို့မေးကြတယ်...(မှန်ပါ)၊ ဟိုက စံသေးတာ မဟုတ်ဘူး...(မှန်ပါ)။

ဒီတော့ အရှင်အနုရုဒ္ဓါ အနားမှာရှိတယ် မစံသေးဘူး။ ဒါ ဘယ်ဈာန်ဝင်စားနေတာ...(မှန်ပါ)၊ သူက အမြဲတမ်း ထောက်ပြောနေရတယ်...(မှန်ပါ)၊ တချို့ ရဟန္တာတွေက မောင်နိုင် ဈာန်ဘက်က မကျွင်လည်တော့ မသိဘူးနော်...(မှန်ပ) အရှင်အနုရုဒ္ဓါကိုပဲ မေးနေရတယ်...(မှန်ပါ)။

အရှင်ဘုရား...အခု မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ ပလား မစံသေးဘူးကွ...အရူပဈာန် ဝင်စားနေတယ်၊ ဒါချည့်ပဲ သူ အမြဲတမ်း ပြောနေရတယ်...(မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

## သိကြားမင်း ရွတ်ဆိုသော ဂါထာတော်

အဲဒီလိုနဲ့နောက် ပရိနိဗ္ဗာန်စံတော့မှ သိကြားမင်းကလည်း အနားက လူမမာပြုအဖြစ်နဲ့ မောင်နိုင် စောင့်နေတယ်...(မှန် ပါ)။

အဲဒီတွင် ရှင်အနုရုဒ္ဓါဆိုတဲ့ ရဟန္တာက ပရိနိဗ္ဗာန်စံပြီ လို့ အားလုံးကို ကြေငြာတော့မှ သိကြားက အနိစ္စာဝတ သင်္ခါရာကို ရွတ်တာ...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီ)။

**အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

www.dhammadownload.com



ဒါ–သိကြား ရွတ်တာ။ ပရိနိဗ္ဗာန်စံပြီးတော့မှ ကိုစံလှရဲ့၊ ပရိနိဗ္ဗာန်စံပြီးတဲ့အချိန်မှာ ရွတ်တဲ့ဂါထာ...(မှန်ပါ့)။

ဘုရားရှိတုန်းကလည်း ဟောခဲ့ပါတယ်...(မှန်ပါ့)၊ သို့သော် အခု ဘုရား ပရိနိဗ္ဗာန်စံတော့ အားလုံးကို ဩော်... သူက ဘာထပ်ပြောသတုံးဆိုတော့ သင်္ခါရတရားဟာ ပျက်ပါတယ်။ အဲဒီပျက်တဲ့အဆုံးဟာ နိဗ္ဗာန်ပါပဲလို့ သူက ထပ်ပြောတယ်...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီဘုရား)။

သင်္ခါရတရားဟာ (ပျက်တတ်ပါတယ်) အဲဒီ သင်္ခါရ နှစ်ခု ဖြစ်မှု+ပျက်မှု မရှိတာ ဘာတဲ့တုံး...(နိဗ္ဗာန်ပါဘုရား)။ သူက ဒါထပ်ပြောတယ် ရှင်းပလား...(ရှင်းပါပြီဘုရား)။ ဘုရားကတော့ သင်္ခါရတရား ပျက်တတ်သည်၊ အဲဒါ မိန့်တယ် (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

သူကတော့ ဘာတုံးဆိုတော့ သင်္ခါရတရား ပျက်တယ်။ ၎င်း သင်္ခါရရော အပျက်ရော မရှိရင် နိဗ္ဗာန်ပဲ သူက ဒါတိုးလာတယ်...(မှန်ပါ့)။

သင်္ခါရတရား ပျက်တယ်။ ဘုရားကတော့ မမေ့နဲ့... (မှန်ပါ့)။ ဘုရားက ဘာတဲ့...(သင်္ခါရတရား ပျက်တတ်သည် မမေ့နဲ့) မမေ့နဲ့၊ မင်းတို့ မမေ့နဲ့...တဲ့။

သိကြားကတော့ သင်္ခါရတရား ပျက်တယ်တဲ့။ အဲဒီ သင်္ခါရရော၊ အပျက်ရော မရှိတာ နိဗ္ဗာန်ပဲ...(မှန်ပါ့)။ သဘောကျပလား...(ကျပါပြီဘုရား)။

သိကြားကတော့ သင်္ခါရတရား ပျက်တယ်။ သူလည်း

www.dhammadownload.com



ဘုရားအတိုင်း မလိုက်ဘူးလား...(လိုက်ပါတယ်ဘုရား)။

အဲဒီဖြစ်ပေါ်တဲ့ သင်္ခါရရော ပျက်မှုရော မရှိတာ နိဗ္ဗာန် ပဲလို့ သိကြားက ထပ်ပြီးသကာလ ပြောတယ်...(မှန်ပါ့)။

**သောတာပန် သိကြားမင်း**

သိကြားကလည်း သာမည သိကြားမှ မဟုတ်ဘဲ။ တစ်နေ့က ဟောပြီးပြီ၊ သောတာပန် တည်ပြီးသား သိကြား...(မှန်ပါ့) ကိုယ်ကိုယ်တိုင် နိဗ္ဗာန်တွေ့ပြီးသား ကိုပေါ်ရေ...(မှန်ပါ့)၊ ဒီ ပုဂ္ဂိုလ်က ပြောတာ...(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီ)။

ဒါဖြင့် သိကြားပြောတဲ့ စကားကတော့ဖြင့် ဒကာ၊ ဒကာမတို့ သင်္ခါရ ဆုံးအောင်လိုက်ပါ...(မှန်ပါ့)။

မောင်နိုင် ဘာတဲ့... (သင်္ခါရ ဆုံးအောင်လိုက်ပါ ဘုရား) ဒါဖြင့် မောင်နိုင်တို့က သိပြီးသားပဲ။ ဩော်...သင်္ခါရ နယ်က မလွန်သေးတော့ ဒီလို ပျက်ရတာပဲဆိုတာ ပါသွားတာ ပဲ၊ မပါဘူးလား...(ပါပါတယ်ဘုရား)။

သင်္ခါရနယ်က မလွန်သေးတော့...(ဒီလို ပျက်ရပါ တယ်) ဒီလို ပျက်ရတာပဲဆိုတာ မသုံးကြဘူးလား...(သုံးကြပါ တယ်)။

ဒါဖြင့် ခင်ဗျားတို့လည်း ဒါသုံးတာပဲ၊ သင်္ခါရဆိုတာ ဖြစ်ပေါ်တာ၊ ဒီလို ပျက်ရတာပဲဆိုတာ ပျက်တာ...(မှန်ပါ့)၊ ဖြစ်ပျက်ပဲ ခင်ဗျားတို့ ပြောနေတာ...(မှန်ပါ့)။

www.dhammadownload.com



**မသာမှာ သုံးနေတယ်**

ခင်ဗျားတို့က ဟို–မသာမှာ သုံးတာဖြစ်နေတော့ ခန္ဓာထဲမှာ ခဏခဏ သင်္ခါရတွေ ပျက်တာကိုတော့ မရှုမိဘဲနဲ့ မသာမှာသွားပြီး သုံးတဲ့စကား ဖြစ်နေတယ်...(မှန်ပါ)။

ဩော်...ဘယ်သူအနိစ္စရောက်လို့၊ အင်း...ဘယ်သူအနိစ္စရောက်လို့ပော့ ဆိုတော့ ဩော်...သင်္ခါရတရားဟူသရွေ့ဟာ ဒီမှာ လမ်းဆုံးတာပဲ ဆိုပြီးသကာလ အိမ်ပေါ်မှာ သွားပြီး သကာလ စားကာသောက်ကာနဲ့ အားလုံး ပြန်လာခဲ့ကြတယ်...(မှန်ပါ)။

**ဝိပဿနာမှာ သုံးရမည့်တရား**

သူတို့က ဝိပဿနာဘက် သုံးသလားတဲ့၊ မရဏာနုဿတိဘက် သွားသုံးသလား (မရဏာနုဿတိဘက် သွားသုံးပါတယ်ဘုရား)။

စင်စစ် သုံးရမှာက ဝိပဿနာဘက် သုံးရမှာ...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဘုရားက ကြည့်လေ၊ သင်္ခါရတရား ပျက်တတ်သည်၊ အဲဒါ မမေ့နဲ့ဆိုတော့ ဒကာ၊ ဒကာမတို့ ရှင်တုန်းသုံးတာ၊ သဘောကျပလား...(ကျပါပြီ)။

ဒါဖြင့် နိဗ္ဗာန်သည် ဒကာ၊ ဒကာမတို့ သင်္ခါရတရား၏ အဆုံးမှာ ရှိတယ်...(မှန်ပါ)။

နိဗ္ဗာန် ဘယ်မှာ ရှိပါလိမ့်...(သင်္ခါရတရား၏ အဆုံး

www.dhammadownload.com



မှာရှိပါတယ်ဘုရား)။

ကောင်းပြီ၊ သင်္ခါရတရားဆိုတာ အကြောင်းတိုက် ဆိုင်တော့ မောင်နိုင်ရေ၊ သင်္ခါရတရားဆိုတာ ဒီလို လက်ခုပ် တီးကြည့်လိုက်၊ လက်ခုပ်တီးကြည့်လိုက်တော့ အသံကလေး တစ်ခုတော့ လူတိုင်းဖြစ်မှာပါပဲ...(မှန်ပါ) မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)။

သို့သော် မေးပါရစေဦးတဲ့၊ ဒီတရားတစ်ပွဲလုံးနော်... (မှန်ပါ)၊ ပထမ ညာဘက် လက်ဖဝါးထဲမှာ အသံပါသလားတဲ့... (မပါပါဘုရား)၊ ဘယ်ဘက် လက်ဖဝါးထဲမှာကော...(မပါပါ ဘုရား) ဩော်...သူတို့နှစ်ခု ပြုပြင်လိုက်တာနဲ့ အသံရုပ် ဖြစ်လာ တယ်...(မှန်ပါ)။

သူတို့နှစ်ခု ပြုပြင်လိုက်တာနဲ့...(အသံရုပ် ဖြစ်လာ ပါတယ်)။

အသံရုပ်ဖြစ်လာတော့ အဲဒါ ပျက်တယ်...(မှန်ပါ)၊ ဖြစ်ပေါ်လာတဲ့ ဖြစ်ပျက်...(မှန်ပါ)။

ဒီအသံရုပ်ဟာ သူများ ပြုပြင်လို့ ဒီလက်နှစ်ခု ပြုပြင်လို့ ဖြစ်လိုက်တဲ့ အသံရုပ် ဖြစ်နေတော့ တော်တော်ကြာ မကြာ ဘူးဆိုတဲ့ အသံ ပျောက်သွားတယ်...(မှန်ပါ)၊ အသံရုပ်ဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်...(မှန်ပါ)။

ဒါဖြင့် သင်္ခါရတရား ပျက်တယ်ဆိုတာကို ပြုပြင် လို့ ပေါ်လာတဲ့ အသံရုပ်တရားဟာ သင်္ခါရတရား...(မှန်ပါ)၊ တော်တော်ကြာ ကိုဝတို့ ကြားသေးရဲ့လား...(မကြားပါဘူး)

www.dhammadownload.com



မကြားတော့ ဘာဖြစ်သွားသတုံး...(ပျက်သွားပါတယ်)။

## ပြုပြင်လိုက် ပျက်လိုက်

အဲ... ပြုပြင်လို့ ပေါ်လာတဲ့ တရားဟူသရွေ့ဖြင့် အပျက်မှာ လမ်းဆုံးတယ်...(မှန်ပါ)။ ဆိုနိုင်ကြသလား... (ဆိုနိုင်ပါတယ်) ဒါဖြင့် အခု ဘုန်းကြီးတို့အားလုံး တရားနာကြတဲ့ ဒကာ၊ ဒကာမတွေဟာ နေ့တိုင်းပဲအစားနဲ့ ပြုပြင်ကြ၊အဝတ်နဲ့ ပြုပြင်ကြ၊ ဥတုနဲ့ ပြုပြင်ကြ၊ ဆေးနဲ့ပြုပြင်ကြ၊ ရေနဲ့ ပြုပြင်ကြ၊ မီးနဲ့ပြုပြင်ကြ၊ အနေအထိုင်နဲ့ ပြုပြင်ကြ၊ အထည်အလိပ်တွေ ခြုံကာရုံကာနဲ့ အနွေးအခါမှာ အနွေးနဲ့ ပြုပြင်ကြ၊ အအေးအခါမှာ အအေးဓာတ်ကို ကာကွယ်တာနဲ့ပြုပြင်လိုက်၊ ပြုပြင်လုပ်ထားတဲ့ ခန္ဓာကိုယ်ကြီး...(မှန်ပါ)၊ ပြုပြင်လိုက်၊ ပျက်လိုက်နဲ့ (မှန်ပါ)။

ပြုပြင်လိုက်...(ပျက်လိုက်ပါဘုရား)၊ ပြုပြင်လိုက်... (ပျက်လိုက်ပါ)၊တစ်သံသရာလုံးဟာ ဒီအတိုင်း နေတယ်...(မှန်ပါ) တစ်သံသရာလုံးဟာ ဘယ်လို လာခဲ့ကြသတုံး...(ပြုပြင်လိုက် ပျက်လိုက်နဲ့ပါဘုရား)။

တစ်သံသရာလုံး ပြုပြင်လိုက်၊ ပျက်လိုက်၊ ပြုပြင်လိုက် ပျက်လိုက်ချည့် လာတာပဲဆိုတာ သေချာကြပလား...(သေချာပါပြီ)။

ဒါဖြင့် ဒီပြုပြင်လို့ ပျက်တာကြီးကို ကျုပ်တို့ ဆုံးအောင် ပြုပြင်မှ ပေါ်လာတဲ့ တရားအပျက်ကို ကျုပ်တို့သည် အဆုံးကို

www.dhammadownload.com



ရှာချင်တဲ့ ပုဂ္ဂိုလ်ဖြင့် ပြုပြင်လိုက် ပျက်လိုက်နဲ့ပဲ အမောဆိုက် နေမှာပဲ...(မှန်ပါ)၊ ဘယ်လို ဆိုကြမလဲ...(ပြုပြင်လိုက် ပျက် လိုက်နဲ့ပဲ အမောဆိုက်နေမှာပါဘုရား)။

**ကျောက်တွင်း တူးသလို**

ကျောက်တွင်းတူးသလိုဖြစ်နေတယ်...(မှန်ပါ)၊ ရတာ ကလေး စားလိုက် ပြန်တူးလိုက်၊ ရတာကလေးစားလိုက် ပြန် တူးလိုက်ဆိုတော့ တူးလို့ပဲ မဆုံးနိုင်ဘူး...(မှန်ပါ) ဆုံးရဲ့လား (မဆုံးပါဘုရား)။

ဟ...ဘယ်တော့ ဒီကျောက်တွင်းအတွက် ခင်ဗျားတို့ ရပ်စဲပြီးမှာတုံးလို့ မေးတော့ အစားရပ်စဲရင် သူ ပြီးမှာပဲ...(မှန် ပ့) အစားရပ်စဲရင် သူ ပြီးမှာပဲ...(မှန်ပါ) အစားရပ်စဲရင်တော့ (ပြီးမှာပါ)၊ ကျောက်တွင်းတူးက ရပ်စဲမယ်...(မှန်ပါ)၊ သဘော ကျပလား...(ကျပါပြီ)၊ အစားမှ မရပ်စဲသေးရင်...(မရပ်စဲ ပါ)၊ သဘောကျပလား...(ကျပါပြီ)။

စားတဲ့အလုပ် ရပ်စဲရင် ဒီကျောက်တွင်းတူးတဲ့ အလုပ် ဟာ...(ရပ်စဲမှာပါ)၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

ထို့အတူပဲတဲ့၊ ဒီမှာလည်း ပြုပြင်လို့ပေါ်လာတဲ့ တရားကြီး ဟာ ပျက်ပျက် ပျက်ပျက် နေတာကို နောက်ထပ်ပြုပြင်ဦးမယ် ဆိုရင် ဒီအပျက် ပြန်ရဦးမှာပဲ...(မှန်ပါ)၊ နောက်ထပ် ပြုပြင် ဦးမယ်ဆိုရင်...(ဒီအပျက် ပြန်ရပါမယ်ဘုရား)။

ဒါကြောင့် ပဋိစ္စသမုပ္ပာဒ်နဲ့ ကိုက်ကြည့်တော့မှ မောင်

www.dhammadownload.com



နိုင်၊ ရှင်းတယ်...(မှန်ပါ)၊ အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါဘုရား)၊ အဲ မသိမှု အဝိဇ္ဇာကြောင့် သင်္ခါရ ပြုပြင်တယ်၊ မလာဘူးလား၊ (လာပါတယ်)၊ သင်္ခါရ ပေါ်မလာဘူးလား...(လာပါတယ်)၊ သင်္ခါရပစ္စယာ...(ဝိညာဏံပါဘုရား)။

ဟော...ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး ပေါ်လာတယ်... (မှန်ပါ) ဒီအကြောင်း ရှာလိုက်တော့မှ ဩော်...ဒီအဝိဇ္ဇာနဲ့ ဒီသင်္ခါရ ရှိနေလို့ရှိရင် ဒီသင်္ခါရကနေ ပြုပြင်လို့ ပေါ်လာတဲ့ ခန္ဓာငါးပါး လာဦးမှာပဲ...(လာဦးမှာပါ)၊ လာရင် ဘာဖြစ်မယ် ထင်သတုံး...(ပျက်မှာပါဘုရား)၊ ကဲ...မောင်နိုင် သဘောကျပလား...(ကျပါပြီဘုရား)။

## အဝိဇ္ဇာသင်္ခါရ ချုပ်ရင်

အဲဒီတော့ကို ဒီအဝိဇ္ဇာနဲ့ ဒီသင်္ခါရ ကျုပ်တို့ ချုပ်လို့ရှိရင်ဖြင့် ဒီဖြစ်မှုပျက်မှုကြီးဟာ ရပ်စဲသွားမှာပဲ...(မှန်ပါ)။ မရပ်စဲပေးဘူးလား...(ရပ်စဲပါတယ်ဘုရား)။

အဝိဇ္ဇာသင်္ခါရသာ ချုပ်မယ်ဆိုရင်ဖြင့်... ဖြစ်မှုပျက်မှု ရပ်စဲသွားပါတယ်)၊ သင်္ခါရ အနိစ္စကြီးဟာ မောင်နိုင် ကုန်ရမလား၊ မကုန်ရဘူးလား...(ကုန်ရပါမယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒီအဝိဇ္ဇာသင်္ခါရက အတိတ်ဘက်က ထားလိုက်တော့ အတိတ်က လာခဲ့တဲ့ အဝိဇ္ဇာသင်္ခါရ၊ နောက် ကျုပ်တို့သည် ပစ္စုပ္ပန်မှာ ဒီအဝိဇ္ဇာသင်္ခါရ မောင်နိုင်၊ မလာဘူးဆိုလို့ရှိရင်ဖြင့် ဒီဝိညာဏ်ဆိုတဲ့ နောက်ခန္ဓာ လာဦးမလား...(မလာ

www.dhammadownload.com



တော့ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

**ပစ္စုပ္ပန်မှာပေါ်တဲ့ အဝိဇ္ဇာသင်္ခါရ**

ဒါဖြင့် အတိတ်က အဝိဇ္ဇာ သင်္ခါရ သတ်ရမှာလား၊ ပစ္စုပ္ပန်မှာ ပေါ်တဲ့ အဝိဇ္ဇာသင်္ခါရ သတ်ရမှာလား...(ပစ္စုပ္ပန်မှာ ပေါ်တဲ့ အဝိဇ္ဇာ သင်္ခါရ သတ်ရမှာပါဘုရား)။

သေသေချာချာသဘောပါပြီ၊ ဒကာ၊ ဒကာမတို့ ဒီ ဥစ္စာ အင်မတန် အရေးကြီးတဲ့ တရားပါပဲ...(မှန်ပါ)။

ဒီအတိတ်က အဝိဇ္ဇာနဲ့ အတိတ်က သင်္ခါရကြောင့် လက်ရှိခန္ဓာကြီးပဲ ရ,ထားတော့ သူ့သတ်လို့ အပိုပဲ...(မှန်ပါ)။

ယခု ကျုပ်တို့ ဆရာဘုန်းကြီး နည်းပေးနေတုန်း ဒကာ၊ ဒကာမတွေကလည်း ဒီခန္ဓာကြီး ဖြစ်ပျက်ကို အလုပ်လုပ်ရမယ်ဆိုတာ သိတုန်းကို ဒီအဝိဇ္ဇာသင်္ခါရ သတ်ရမှာပဲ...(မှန်ပါ)။ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်အဝိဇ္ဇာသင်္ခါရ သတ်ရမှာတုံးလို့ မေးလို့ ရှိရင် ပစ္စုပ္ပန်မှာအကြောင်းတိုက်ဆိုင်လို့ပေါ်မည့် အဝိဇ္ဇာ သင်္ခါရ သတ်ရမယ်...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ သင်္ခါရတရား ပျက်တတ်တယ်လို့ ရှုလိုက် ...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီ) ဘုရားက သင်္ခါရတရား ပျက်တယ်လို့ ရှုပေးပါတဲ့၊ မမေ့ပါနဲ့... (မှန်ပါ) မမေ့ပါနဲ့ဆိုတာ ရှုပါ ဆိုတာပါပဲ...(မှန်ပါ)၊ ကိုစံလှ ဟုတ်ပလား...(ဟုတ်ပါပြီ)။

www.dhammadownload.com



## မမေ့ပါနဲ့ဆိုတာ ရှုပါလို့ဆိုတာ

ဘုရားက ဘာတဲ့(သင်္ခါရတရား ပျက်တတ်သည် မမေ့ပါနဲ့)၊ မမေ့ပါနဲ့ဆိုတာ ရှုပါဆိုတာပေါ့…(မှန်ပါ့)၊ ကိုပေါ်ကျေနပ်ပလား…(ကျေနပ်ပါပြီ)။

ရှုတဲ့အခါကျတော့ ဒကာ၊ ဒကာမတွေက စဉ်းစားတာပေါ့တဲ့၊ ရှုတဲ့အခါကျတော့ သတိကလေးကလည်း သတိမဂ္ဂင်(မှန်ပါ့)၊ သတိထားလို့ ရှုဖြစ်တာကိုး…(မှန်ပါ့)၊ သမာဓိကလည်း သမာဓိမဂ္ဂင်လို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)၊ ဝီရိယကလည်း ဝီရိယမဂ္ဂင်လို့…(ဆိုနိုင်ပါတယ်)၊ ကျန်တဲ့ ဥစ္စာက သမ္မာသင်္ကပ္ပမဂ္ဂင် (မှန်ပါ့)၊ အမြင်က သမ္မာဒိဋ္ဌိဟုတ်လား…(မှန်ပါ့)။

သမ္မာဒိဋ္ဌိဆိုတော့ ဒကာ၊ ဒကာမတွေ စဉ်းစားလိုက်တဲ့ အမှန်မြင်တဲ့တရားပဲ မဟုတ်လား…(မှန်ပါ့)၊ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား…(ဝိဇ္ဇာပါဘုရား)။

ဒကာ၊ ဒကာမတို့ ရှုနေတာက သင်္ခါရတရား၊ ပျက်တတ်တာ ရှုနေတာက ဒီပြင်ဟာတွေက အခြံအရံတွေပါတဲ့၊ ခေါင်းဆောင်က ဝိဇ္ဇာက ခေါင်ဆောင် ဖြစ်နေတယ်…(မှန်ပါ့) သဘောကျပလား(ကျပါပြီဘုရား)။

ဘာက ခေါင်းဆောင်ဖြစ်နေသလဲ…(ဝိဇ္ဇာက ခေါင်းဆောင်ဖြစ်နေပါတယ်ဘုရား)။

ဝိဇ္ဇာက ခေါင်းဆောင်ဖြစ်နေတယ်လို့ ဘုရားက မဖော်ပါဘူး…(မှန်ပါ့)၊ အခု ဘုန်းကြီး ဒကာ၊ ဒကာမတို့ ရှေ့ပိုင်းက ဘုရားဖော်ပြီးသားမို့ ပြန်ဖော်တာ…(မှန်ပါ့)၊ သူ့ပရိနိဗ္ဗာန်

www.dhammadownload.com



စံကာနီးကျတော့ ဒါကို မဖော်တော့ဘူး မောင်နိုင် (မှန်ပါ့)။ သင်္ခါရတရား ပျက်တတ်သည်၊ မမေ့ရစ်နဲ့၊ ဒါနဲ့ပဲ ပရိနိဗ္ဗာန်စံသွားတယ်...(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

အဲဒါ အခု မမေ့ရစ်နဲ့ဆိုတဲ့ အထဲမှာ ကျုပ်တို့ ဝိဇ္ဇာပါ မပါ...(ပါပါတယ်ဘုရား)။

## ဝိဇ္ဇာနဲ့ ရှုနေတော့ အဝိဇ္ဇာချုပ်တယ်

သမ္မာဒိဋ္ဌိတည်းဟူသော ဝိဇ္ဇာဟာလေ "ဒုက္ခေ ဉာဏံ ဒုက္ခသမုဒယေ ဉာဏံ" ဝိဇ္ဇာ မပါဘူးလား...(ပါပါတယ်ဘုရား)။

ကဲ...ဒါဖြင့် ဝိဇ္ဇာနဲ့ ရှုနေတော့ မောင်နိုင် အဝိဇ္ဇာက မချုပ်ဘူးလား...(ချုပ်ပါတယ်)၊ ချုပ်တော့ သူ့အပေါင်းအဖော် အဝိဇ္ဇာပစ္စယာသင်္ခါရာကလည်း...(ချုပ်ပါတယ်)၊ သင်္ခါရပစ္စယာ ဒီဘက် ခန္ဓာငါးပါး ဝိညာဏ်ကကော...(ချုပ်ပါတယ်ဘုရား)။

ဩော်...ဒါဖြင့် တို့ရှုနေတာ အဝိဇ္ဇာသင်္ခါရ ချုပ်အောင် လုပ်နေတာပဲ...(မှန်ပါ)၊ အဝိဇ္ဇာသင်္ခါရကြောင့် ဒီခန္ဓာ သစ္စာကြီး မပေါ်ဘူးလား...(ပေါ်ပါတယ်ဘုရား)၊

အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကြီး ဘယ့်နှယ် နေသတုံး...(ပေါ်ပါတယ်ဘုရား)၊ ပေါ်တယ်ဆိုတော့ ရှုနေတဲ့ ပုဂ္ဂိုလ်မှာ အဝိဇ္ဇာသင်္ခါရချုပ်တဲ့အလုပ် လုပ်နေတယ် (မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက် ချမလဲ...(အဝိဇ္ဇာသင်္ခါရချုပ်တဲ့ အလုပ် လုပ်နေပါတယ်ဘုရား)။

ဟုတ်ပါရဲ့လားလို့ဆိုတော့ ဖြစ်ပျက်ကို မြင်တာက

www.dhammadownload.com



ခေါင်းဆောင်ကတော့ဖြင့် ဝိဇ္ဇာမဂ္ဂင်က မြင်တာပဲ(မှန်ပါ)၊ မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

ဖြစ်ပျက်မြင်တာက...(ဝိဇ္ဇာမဂ္ဂင်က မြင်တာပါ) ဝိဇ္ဇာမဂ္ဂင်က မြင်တယ်ဆိုရင် သေချာပလား...(သေချာပါပြီ)။

ဝိဇ္ဇာမဂ္ဂင်က ဒီခန္ဓာငါးပါးထဲက တစ်ပါးပါး ဖြစ်နေတယ်၊ ပျက်နေတယ်၊ ဖြစ်နေတယ်၊ ပျက်နေတယ်ဆိုတာ မမြင်ဘူးလား ...(မြင်ပါတယ်ဘုရား)။

ဒါဖြင့် ဝိဇ္ဇာလာတော့ အဝိဇ္ဇာက ချုပ်ရတယ်...(မှန်ပါ)၊ အဝိဇ္ဇာချုပ်တော့ သင်္ခါရက ငါ့ချည်း လာဦးမယ်ဆိုတော့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါ)၊ အဝိဇ္ဇာအကြောင်းရှိမှ သင်္ခါရက ဖြစ်ရမှာကိုး...(မှန်ပါ)။

## သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ ဝိဇ္ဇာပဲ

ဒါဖြင့် အဝိဇ္ဇာ ချုပ်အောင်လုပ်တာ ဘယ်သူတုံးလို့ မေးရင် ဘယ့်နှယ်ပြောကြမလဲ...(ဝိဇ္ဇာပါ)၊ ဝိဇ္ဇာပဲ၊ ရှုတဲ့ ဝိဇ္ဇာ ရှုတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ ဝိဇ္ဇာပ...(မှန်ပါ)၊ ရိပ်မိကြပလား... (ရိပ်မိပါပြီ)။

အဲဒီတော့ ဝိဇ္ဇာက လာတော့ အဝိဇ္ဇာယတွေ့ ဆိုတဲ့ အတိုင်း အဝိဇ္ဇာ ချုပ်သွားတာပဲ၊ အဝိဇ္ဇာနိရောဓာဆိုတော့ သူနဲ့ ပတ်သက်တဲ့ သင်္ခါရက ဒီဘက်ကလည်း ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်)။

ဒါဖြင့် နောက် ခန္ဓာတည်းဟူသော ဝိညာဏ်တရား

www.dhammadownload.com



တွေ မောင်နိုင် (ချုပ်သွားပါတယ်)၊ ချုပ်ရမယ်၊ သဘောကျပလား...(ကျပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သခ်ါရတရား ပျက်တတ်သည်။ ဘုရားက ရူပါ ရူပါ ဆိုတာသည် အဝိဇ္ဇာ သခ်ါရ အချုပ်ခိုင်းတာ (မှန်ပါ့)။ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဘာ အချုပ်ခိုင်းတာပါလိမ့်...(အဝိဇ္ဇာသခ်ါရ အချုပ်ခိုင်းတာပါဘုရား)။

ဒါဖြင့် မရှုတဲ့ပုဂ္ဂိုလ် ကိုပေါ်တို့၊ မောင်နိုင်တို့ စဉ်းစားပါလား၊ ဝိဇ္ဇာ မပေါ်တော့ဘဲနဲ့ အဝိဇ္ဇာသခ်ါရပဲ သူ့သန္တာန်မှာ ရှိနေမယ်ဆိုတာ မသေချာဘူးလား...(သေချာပါတယ်ဘုရား)

ကိုင်း ဒါဖြင့် ဒကာ၊ ဒကာမတို့ အလုပ်လုပ်မှ ခရီးပေါက်မယ်ဆိုတာကော...(သေချာပါတယ်ဘုရား)၊ သေချာပြီနော် (သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အလုပ်လုပ်မှ ခရီးပေါက်နိုင်မည်ဆိုတာသည် ကဲ... မောင်နိုင်၊ ရှုလိုက်တဲ့အခါကျတော့ ဒါကလေးတွေ ခန္ဓာငါးပါးထဲက တစ်ပါးပါး ဝေဒနာရှုရင် ဝေဒနာဖြစ်ပျက်မြင်ကြမှာပဲ...(မှန်ပါ့)၊ စိတ်ရှုရင် စိတ်ဖြစ်ပျက် မြင်ကြမှာပဲ...(မှန်ပါ့)၊ ရုပ်ရှုရင် ရုပ်ဖြစ်ပျက်ဆိုတဲ့ အနိစ္စ မမြင်ကြပေဘူးလား...(မြင်ရပါတယ်ဘုရား)။

မြင်တဲ့အခါကျတော့ ဝိဇ္ဇာနဲ့ မြင်တာလား၊ အဝိဇ္ဇာနဲ့ မြင်တာလား...(ဝိဇ္ဇာနဲ့ မြင်တာပါဘုရား)။

ဝိဇ္ဇာဆိုတာ သမ္မာဒိဋ္ဌိ (မှန်ပါ့)။ မရှုပ်စေနဲ့၊ သမ္မာဒိဋ္ဌိ

www.dhammadownload.com



မဂ္ဂင်ကို တချို့နေရာ ဝိဇ္ဇာလို့ ခေါ်တယ်(မှန်ပါ)၊ သဘောကျရဲ့လား...(ကျပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိမဂ္ဂင်ကို (ဝိဇ္ဇာလို့ ခေါ်ပါတယ်ဘုရား)၊ ဝိဇ္ဇာလို့လည်း ခေါ်နိုင်ပါတယ်။ တချို့နေရာကျတော့ ဘယ်လိုသုံးလိုက်သလဲ၊ သမ္မာဒိဋ္ဌိ(မှန်ပါ)၊ တချို့နေရာကျတော့ (ဝိဇ္ဇာပါဘုရား)။ သဘောကျပလား...(ကျပါပြီ)။

ဒါဖြင့် ဒီခန္ဓာကိုယ်ထဲမှာ ဝိဇ္ဇာမဂ္ဂင် ရောက်လာကတည်းက မောင်နိုင်ရေ၊ အဝိဇ္ဇာချုပ်လို့ သင်္ခါရ ချုပ်တယ်... (မှန်ပါ) မချုပ်သေးဘူးလား...(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် သင်္ခါရတရား ပျက်တတ်သည်၊ အဲဒါ မမေ့နဲ့ဆိုတာမင်းတို့ မမေ့လို့ရှိရင် အဝိဇ္ဇာသင်္ခါရ ချုပ်ပါလိမ့်မယ်...(မှန်ပါ)။ အဝိဇ္ဇာသင်္ခါရ ချုပ်လို့ရှိရင်ဖြင့် ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးကြီးဟာ မချုပ်ပါနဲ့ဆိုလို့ ရသေးရဲ့လား(မရပါဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သင်္ခါရတရား ပျက်တတ်သည် မမေ့ပါနဲ့ ဆိုတဲ့ဥစ္စာကို အဝိဇ္ဇာသင်္ခါရကို ချုပ်အောင် လုပ်နေတဲ့ ပုဂ္ဂိုလ်မို့ ဩော်... သူ့အကျိုး သူသိပြီး သကာလ နေရှာတာကိုး ဆိုပြီးသကာလ ဝမ်းသာတော်မူတယ် (မှန်ပါ)။ သူ့ဒုက္ခ သူသိမ်းနေတာကိုး ဆိုပြီးသကာလ ဒကာ၊ ဒကာမတို့ ဝမ်းသာတော်မူတယ်ဆိုတာ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

www.dhammadownload.com



## ဒုက္ခကြီးပွားရေး ကြိုးစားနေတာ

ဒါဖြင့် ဒကာ၊ ဒကာမတို့သည် အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်များကျတော့ တိုက်တွန်းတယ်လို့လည်း မအောက်မေ့ပါနဲ့၊ ဒါစကားစကို နားထောင်ကြည့်၊ ကိုယ့်ဒုက္ခ ကိုယ်သိမ်းနေတာလားတဲ့၊ ဒုက္ခကြီးပွားရေး၊ ကြိုးစားနေတာလား မေးကြရင် ဘယ့်နှယ်ပြောကြမလဲ(ဒုက္ခကြီးပွားရေး ကြိုးစားနေတာပါဘုရား)။ ဒုက္ခကြီးပွားရေး ကြိုးစားနေတာမှတစ်ပါး ဘာပါသေးသတုံး...(ဘာမှမပါပါဘုရား) ဖြစ်ပျက် မရှုတဲ့ ပုဂ္ဂိုလ်များလေ...(မှန်ပါ့)။

ဒါဖြင့် ဒုက္ခဆိုတာ ကိုဝ စဉ်းစားစမ်း၊ ကြီးပွားကောင်းတာလား၊ ဇာတ်သိမ်းကောင်းတာလား...(ဇာတ်သိမ်းကောင်းတာပါဘုရား)။

ဇာတ်သိမ်းကောင်းတာကို ဒကာ၊ ဒကာမတွေက အလုပ်မလုပ်ဘဲ နေတော့ ဝိဇ္ဇာက မလာတော့ အဝိဇ္ဇာနဲ့ သင်္ခါရက တွဲလျက်ကြီး ခန္ဓာထဲ ရောက်မနေဘူးလား... (ရောက်နေပါတယ်ဘုရား)။

ရောက်နေတော့ ဝိညာဏ်ဆိုတဲ့ ဒုက္ခသစ္စာကြီး "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ" ဆိုတာကြီးဟာ တစ်စုံတစ်ပုံကြီး မလာပေဘူးလား...(လာပါတယ်ဘုရား)။

ဒါဖြင့် သူ ဘာလုပ်နေတာပါလိမ့်မတုံး မေးလို့ရှိရင် ဒုက္ခကြီးပွားရေး ကြိုးစားနေတာ...(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ...(ဒုက္ခကြီးပွားရေး ကြိုးစားနေတာပါဘုရား)။

www.dhammadownload.com



အဲဒီတော့ ဒုက္ခကြီးပွားရေး ကြိုးစားနေတဲ့ ပုဂ္ဂိုလ်ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြိုက်နိုင်ပါရဲ့လား (မကြိုက်နိုင်ပါဘုရား)၊ ဒုက္ခချုပ်အောင် ကြိုးစားနေတဲ့ပုဂ္ဂိုလ် ကျတော့ (ကြိုက်ပါတယ်ဘုရား) အင်မတန် ဝမ်းသာလိမ့်မယ်ဆို တာ သဘောကျပလား...(ကျပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဒကာ၊ ဒကာမတို့ သိကြားနဲ့ ဘုရားသာ တွဲကြပေတော့...(မှန်ပါ့)၊ သိကြားနဲ့ဘုရား ယနေ့တွဲပြီးသကာ လ ပြပါတယ်။

ဒကာ၊ ဒကာမတို့ သိကြားနဲ့ ဘုရား၊ ဘုရားက အရင် ဟောတယ် (မှန်ပါ့)၊ ဘုရားက အရင်ဟောတယ်ဆိုတာ သဘော ကျပလား(ကျပါပြီ)။

## သင်္ခါရတရား ပျက်တတ်တယ် အဲဒါ မမေ့နဲ့

ဘုရားက သင်္ခါရတရား ဘာတဲ့တုံး (ပျက်တတ်သည်)၊ အဲ့ဒါကို (မမေ့နဲ့တဲ့)၊ ဒါ ဘုရားဟောသွားတယ်(မှန်ပါ့)။

ဒီနောက်ကို ဘုရားသည် တရားဟောသေးသလား (မဟောတော့ပါဘုရား) မဟောတော့ဘူး၊ ဒကာ၊ ဒကာမတို့ ဒါကလေး ပြောပြီးတော့ မဟောတော့ဘူးဆိုတာ သဘောကျပ လား (ကျပါပြီဘုရား)။

သူ ဟောတဲ့တရား မေ့စရာ ရှိသေးသလား (မရှိပါ ဘုရား)၊ သင်္ခါရတရား(ပျက်တတ်သည်)၊ အဲဒါကို မမေ့နဲ့ ရှင်း ပလား (ရှင်းပါပြီ)။

www.dhammadownload.com



သင်္ခါရတရား ပျက်တတ်သည်၊ အဲဒါ မမေ့နဲ့၊ မမေ့နဲ့၊ မမေ့နဲ့၊ အဲဒါ မမေ့နဲ့ ဆိုပြီးသကာလ ဘုရားသည် တရားဟောမှာ ဖြင့် ဒါ ဇာတ်သိမ်းတရား (မှန်ပါ့)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

နောက် ဇာတ်သိမ်းပြီးသကာလ ကိုယ်တော်မြတ်ကြီး အကြောင်း ရှင်အနုရုဒ္ဓါမေးပြီး သိကြားတွေ ဘာတွေက အရှင်ဘုရား၊ ဘုရားဟာ အခု ဝိညာဏ်ချုပ်ပလား၊ မချုပ်သေးဘူးလား၊ မချုပ်သေးဘူး သိကြား၊ နောက်တော့ ဈာန်တွေ ဝင်စားရာမှ ချုပ်ပြီလားဆိုတော့ ဟာ ဒကာသိကြား ချုပ်သွားပြီ၊ မရှိတော့ဘူး ဆိုတော့မှ သူက အနိစ္စာဝတ သင်္ခါရာ ရွတ်တာကိုး (မှန်ပါ)။

အနိစ္စာဝတ သင်္ခါရာ ဘယ်သူ ရွတ်ပါလိမ့် ဒကာ၊ ဒကာမတို့ (သိကြား ရွတ်ပါတယ်ဘုရား)၊ သိကြားက ရွတ်တာ၊ သိကြားက ရွတ်တာ၊ မဟာပရိနိဗ္ဗာနသုတ်မှာ ဒီအတိုင်း လာပါတယ် (မှန်ပါ့)၊ မဟာပရိနိဗ္ဗာနသုတ် ဆိုပြီးသကာလ သင်္ဂါယနာ တင်ထားတာ ရှိသေးတယ် (မှန်ပါ့)။

ဝတ=ကေန္တွေ့ စင်စစ်၊ သင်္ခါရာ=ပြုပြင်လို့ ပေါ်လာတဲ့ သင်္ခါရတရားဆိုတော့ ဒကာ၊ ဒကာမတွေက တခြားရှာ မနေနဲ့၊ ဩော်...ဒီခန္ဓာဆိုတာပါကလားလို့ မှတ်လိုက်...(မှန်ပါ့)၊ ဒီခန္ဓာ ငါးပါးဆိုတာပဲ။

ပြုပြင်လို့ ပေါ်လာတဲ့ တရားဟာ တခြားလား... (မဟုတ်ပါဘုရား) ဘယ်သူပါလိမ့်...(ခန္ဓာငါးပါးပါဘုရား)၊ ဒီခန္ဓာငါးပါးပဲလို့ ဆုံးဖြတ်ချက်ချ...(မှန်ပါ့)။

www.dhammadownload.com



## ခန္ဓာငါးပါးမှာ ဖြစ်တာနဲ့ ပျက်တာပဲ ရှိတယ်

အနိစ္စက ဒီခန္ဓာငါးပါးမှာ တကယ်ရှိ၊ တကယ် သူ့မှာ ရှိတာ ပြောစမ်းပါဦးလို့ ဆိုလို့ရှိရင် ဥပ္ပါဒနဲ့ ဝယပဲ ရှိတယ်(မှန်ပါ့)။ ခန္ဓာငါးပါးမှာ တကယ်ရှိတာက (ဥပ္ပါဒနဲ့ ဝယပဲရှိတယ်)၊ ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်...(မှန်ပါ့)၊ သဘောကျပလား... (ကျပါပြီဘုရား)။

ဘာရှိသတဲ့လဲ...(ဥပ္ပါဒနဲ့ ဝယပဲ ရှိတယ်) ဖြစ်တာနဲ့ ပျက်တာပဲရှိတယ် ဆိုတဲ့ဥစ္စာ သေချာပလား...(သေချာပါပြီ)။

ဒါဖြင့် ဥပ္ပါဒဝယ ဓမ္မနော=ဖြစ်ခြင်းပျက်ခြင်းသာ သူ့သဘောရှိတယ်။ (မှန်ပါ)၊ ယောကျ်ား မိန်းမ သဘော ပါသေးသလား (မပါပါဘုရား)၊ ပုဂ္ဂိုလ်သတ္တဝါ သဘော (မပါပါဘုရား)၊ ခင်စရာ မင်စရာသဘော ...(မပါပါဘုရား)။

မပါပါဘူး။ ဒကာ၊ ဒကာမတွေက သေသေချာချာ စဉ်းစားပါ။ ဖြစ်တာနဲ့ပျက်တာပဲ ရှိတယ်လို့သေသေချာချာ ပြောနေတာပဲ...(မှန်ပါ့) ဉာဏ်နဲ့ မောင်နိုင်၊ ရှူးရှူးစိုက်စိုက် ကြည့်ရင်လည်း ဒါပဲ တွေ့မယ်...(မှန်ပါ့) သဘောကျ ပလား...(ကျပါပြီ)။

ယောကျ်ား တွေ့သလား၊ မိန်းမ တွေ့သလား...(မတွေ့ ပါဘုရား) ငါ တွေ့သလား၊ သူ တွေ့သလား၊ ဘာတွေ့သတုံး (ဖြစ်တာနဲ့ ပျက်တာပဲ တွေ့ပါတယ်ဘုရား)၊ ဖြစ်တာနဲ့ ပျက်တာ ပဲတွေ့တယ်။ ဉာဏ်သမားမှာဖြင့် ဒါပဲ ရှိတယ်...(မှန်ပါ့)။

ဉာဏ်သမားမှာဖြင့် ဒါပဲရှိတယ်...(မှန်ပါ့)၊ ခုနင်က

www.dhammadownload.com



အဝိဇ္ဇာသမားတွေကတော့ ယောကျ်ား တွေ့တယ်၊ မိန်းမ တွေ့တယ်လို့ သူပြောချင်လည်း ပြောလိမ့်မယ်...(မှန်ပါ့)၊ သူက ဉာဏ်မှ မပါဘဲကိုး...(မှန်ပါ့)။

ကိုင်း ဒါဖြင့် ဒကာ၊ ဒကာမတွေ ဥပ္ပန္နံတွေ့ ဖြစ်ပြီး၍ နိရုဒ္ဓံ ဘာတုံး...(ချုပ်ကုန်၏)၊ ဩော်...ဖြစ်ချုပ်ပဲ ရှိတယ်၊ ထပ်ပြောတာ...(မှန်ပါ့)။

**ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်သည် ချမ်းသာစစ်**

ကိုစံလှ ဘာပြောပြန်သတုံး...(ဖြစ်ချုပ်ပဲ ရှိပါတယ် ဘုရား)"တေသံ ဝူပသမော သုခေါ" တေသံ= ထိုဖြစ်ချုပ်နှစ်ခုတို့၏။ ဝူပသမော= မရှိတဲ့ နိဗ္ဗာန်သည်။ ဝူပသမော ဆိုတာ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဆိုတာနော်...(မှန်ပါ့)၊ သုခေါ- ချမ်းသာတယ်။

ဒီဖြစ်ပျက်နှစ်ခု မရှိတာဟာ နိဗ္ဗာန်ပဲ...(မှန်ပါ)။ အဲဒါ ချမ်းသာစစ်လို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့)။

ဖြစ်ပျက်မရှိတာ...(နိဗ္ဗာန်ပါဘုရား)၊ အဲဒါဘာတဲ့တုံး (ချမ်းသာအစစ်ပါ)၊ ချမ်းသာအစစ်ပဲ ဆိုတဲ့ဥစ္စာ သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုန်းကြီးက နေ့တိုင်းလိုလို သတိပေးတယ်။ ဖြစ်ပျက်များ ဆုံးကြပလားကွ၊ ယောဂီပုဂ္ဂိုလ်တွေ မမေးဘူးလား--(မေးပါတယ်ဘုရား)။

ဖြစ်ပျက်များ ဆုံးကြပလားဟေ့၊ ဖြစ်ပျက်ပဲတွေ့တုန်း

www.dhammadownload.com



ပဲလား၊ ဖြစ်ပျက်ပဲ မှန်းတုန်းပဲလား၊ အပျက်ကလေးတွေချည့်ပဲ များ တွေ့နေသေးသလား၊ ဒီအပျက်ကလေးတွေပဲ လျစ်လျူရှု နေရသေးသလား၊ ဉာဏ်တွေ အမျိုးမျိုးအဖုံဖုံ မေးတားပေါ့ဗျာ (မှန်ပါ့)။ မဆုံးကြသေးဘူးလားဆိုတာ ကို၀ မေးထိုက် မမေး ထိုက်... (မေးထိုက်ပါတယ်ဘုရား)၊ ရှင်းကြရဲ့လား...(ရှင်းပါ တယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ နိဗ္ဗာန်မရောက်သေးဘူးလားလို့ မေးတာ...(မှန်ပါ့)။ ရှင်းပလား...(ရှင်းပါပြီ)။

နိဗ္ဗာန် မင်း မမြင်ရသေးဘူးလားလို့ မေးတာပါပဲ ဆိုတာ ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့ မေးမနေနဲ့ ဒီခန္ဓာ မရှိတာကို ဆိုတာ...(မှန်ပါ့)။

## ကိုယ့်ဒုက္ခ ချုပ်ငြိမ်း ရုပ်သိမ်းတာကို သိတာ

ခန္ဓာ ဘာသစ္စာ...(ဒုက္ခသစ္စာပါဘုရား)၊ ဩော် ဒုက္ခ သစ္စာမရှိတာကို၊ ကိုယ့်ဒုက္ခမရှိတာကို ကိုယ်သိရမယ်(မှန်ပါ့)။

ကိုစံလှ ဘာတုံး...(ကိုယ့်ဒုက္ခ မရှိတာကို ကိုယ်သိရပါ မယ်ဘုရား) ကိုယ့်ဒုက္ခ မရှိတာ ကိုယ်သိရပါတယ် (မှန်ပါ့)။

ဩော်...နိဗ္ဗာန်ဆိုတာ မသေခင် တွေ့ရတာက ဘယ် လိုများပါလိမ့်မတုံးဆိုတော့ မောင်နိုင်ရေ သံသယ မရှိနဲ့တော့ (မှန်ပါ့)။ ကိုယ့်ဒုက္ခ ချုပ်ငြိမ်း ရုပ်သိမ်းတာကို သိတာ (မှန်ပါ့)။ သဘောကျပလား...(ကျပါပြီဘုရား)။

www.dhammadownload.com



ကိုယ့်ဒုက္ခ ချုပ်ငြိမ်း ရုပ်သိမ်းတာကို ကိုယ်ရှုလိုက်တဲ့ အခါကျတော့ ဖျပ်ဆို ချုပ် ချုပ်သွားတယ်...(မှန်ပါ)၊ အင်း... ဖြစ်ပျက်ကလေးတွေ ချုပ်ချုပ်သွားတယ်၊ တေသံ-ထိုဖြစ်ပျက် နှစ်ပါးတို့၏၊ ဝူပသမော- ချုပ်ဆုံးတဲ့ နိဗ္ဗာန်သည်၊ သုခေါ- ချမ်းသာ၏လို့ သိကြားက သေသေချာချာ ဟောတယ်...(မှန် ပါ)။

ဘုရားကတော့ ဖြစ်ပျက် မမေ့ရစ်နဲ့တဲ့၊ သူကတော့ ဖြစ် ပျက်ဆုံးအောင် လိုက်ပါ(မှန်ပါ)၊ သူက ဒါကလေး သွင်းလိုက် တာပါပဲ...(မှန်ပါ)။

သို့သော်လည်း ဘုရားက ရှင်စဉ်အခါက ဟောပြီးသား ဂါထာ...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီဘုရား)။ ရှင် စဉ်အခါက ဟောပြီးသား ဂါထာကို သူက ဘုရား ပရိနိဗ္ဗာန်စံပြီး မှ ပြန်ရွတ်တာပဲရှိတယ်...(မှန်ပါ)။

ဒါဖြင့် သိကြား ရွတ်တဲ့ ဂါထာက ဒီဖြစ်ပျက်ဆုံးရင် ဘာတဲ့...(နိဗ္ဗာန်ပါဘုရား)။

တေသံ-ထိုဖြစ်ပျက်မှုတို့၏၊ ဝူပသမော-မရှိတဲ့ နိဗ္ဗာန်သည် သုခေါ-ချမ်းသာ၏...(မှန်ပါ)။ ဒကာ၊ ဒကာမတို့ သဘော ကျပလား...(ကျပါပြီဘုရား)။

## ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန် တွေ့မယ်

ဖြစ်ပျက် မရှိတာ ဘာခေါ်ကြမလဲ...(နိဗ္ဗာန်ပါဘုရား)။ အဲဒါကို တစ်ခါ ဘယ်လို ထပ်ဖွင့်သလဲ...(ချမ်းသာပါတယ်)၊

www.dhammadownload.com



ချမ်းသာတယ်ဆိုတာ ဒါပဲ၊ သဘောကျပလား...(ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီခန္ဓာကိုယ် ပျက်တတ်သည်၊ အဲဒါ မမေ့နဲ့မှာခဲ့တယ် (မှန်ပါ့ဘုရား)၊ သိကြားကတော့ အဲဒီဖြစ်ပျက်ဆုံးအောင်လိုက်ရင် နိဗ္ဗာန် တွေ့ပါလိမ့်မယ်...(မှန်ပါ့)။

ဒီဖြစ်ပျက်ဆုံးအောင် လိုက်သွားရင်...(နိဗ္ဗာန် တွေ့ပါလိမ့်မယ်ဘုရား)၊ နိဗ္ဗာန် တွေ့ပါတယ်ဆိုတော့ နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာ နေပါတယ်...(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်...(နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာ နေပါတယ်ဘုရား)။

နိဗ္ဗာန်သည် ဖြစ်ပျက်အဆုံးမှာ နေတယ်ဆိုတာ ဒကာ၊ ဒကာမတွေ ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

## ဖြစ်ပျက် မြင်အောင် ကြည့်ပါ

ဒါဖြင့် ခင်ဗျားတို့ အလုပ်စဉ်ကို ဘုန်းကြီး ခဏခဏ ပြောတာက ဖြစ်ပျက်မြင်အောင်ကြည့် မောင်နိုင်ရေ..ဆိုတော့ ပရိနိဗ္ဗာန်စံကာနီး ဟောတဲ့တရား ဟောတာ...(မှန်ပါ့)။

ဖြစ်ပျက်မြင်အောင် ကြည့်ပါလို့ ကိုစံလှတို့ မဆုံးမဘူးလား...(ဆုံးမပါတယ်ဘုရား)၊ ဘာမြင်အောင် ကြည့်ရမလည်း... (ဖြစ်ပျက်မြင်အောင် ကြည့်ရပါမယ်ဘုရား)။အဲဒါ ပရိနိဗ္ဗာန် စံကာနီး ဟောတဲ့ တရား ဟောတာ...(မှန်ပါ့)၊ သဘောကျ

www.dhammadownload.com



ပလား...(ကျပါပြီဘုရား)။

## ဖြစ်ပျက်မုန်းအောင် ကြည့်ပါ

ဖြစ်ပျက် မုန်းအောင်ကြည့်ဆိုတာ ရှင်စဉ်အခါတုန်းက နိဗ္ဗိန္ဒာဉာဏ်ကို ဘုရားက ဟောခဲ့တယ်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက်ကို ကြည့်ဖန်များရင် မုန်းရမှာပဲ...(မှန်ပါ့)၊ ဒီမုန်းတဲ့အထဲမှာ ဥဒယဗ္ဗယ ဘင်္ဂတွေ အကုန်ပါသွားတယ်လို့ မှတ်လိုက်တာပေါ့...(မှန်ပါ့)၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

## ဖြစ်ပျက် ဆုံးအောင်ကြည့်ပါ

နောက်ကျတော့ ဖြစ်ပျက်ဆုံးအောင် ကြည့်ပါလို့ တစ်ခါမမှာဘူးလား...(မှာပါတယ်ဘုရား)။

သုံးခုတည်း မှာတာပဲ၊ ဘုန်းကြီးလည်း မများပါဘူး၊ ဘုရားဟောတာလဲ ဉာဏ်သုံးဆင့်နဲ့ ဟောထားလို့ ဒါပဲ ဟောပါတယ်နော်...(မှန်ပါ့)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဖြစ်ပျက်မြင်ရင် ယထာဘူတဉာဏ် (မှန်ပါ့)၊ ဖြစ်ပျက်မုန်းရင် (နိဗ္ဗိန္ဒာဉာဏ်ပါဘုရား)၊ ဖြစ်ပျက်ဆုံးရင် (မဂ်ဉာဏ်ပါဘုရား)၊ မဂ်ဉာဏ်ဆိုတော့ အင်မတန်ကျေနပ်ဖို့ ကောင်းပါတယ်...(မှန်ပါ့)။

အင်မတန် ကျေနပ်ဖို့ ကောင်းပါတယ်တဲ့၊ ဒကာ၊

www.dhammadownload.com



ဒကာမတို့ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ကို အဝေးကြီးလို့ နဂိုက ထင်မိပါတယ်...(မှန်ပါ)၊ စောစောနဲ့ ရောက်လိမ့်မယ်လို့လည်း မောင်နိုင်တို့လည်း မထင်မိပါဘူး...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဩော်...ဒီအနားလောက် ရှိမှန်းမှ မသိဘဲကိုး၊ အင်မတန် ဝေးတယ် ထင်နေတာကိုး...(မှန်ပါ)။ အခုတော့ဖြင့် ပါဠိတော်တွေ အမျိုးမျိုးနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပြတာ အင်မတန် ရှင်းလင်းပြီးသကာလနေတော့ တေသံ= ထိုဖြစ်ပျက်နှစ်ပါးတို့၏၊ ဝူပသမော = မရှိတဲ့ နိဗ္ဗာန်သည်။ သုခေါ=ချမ်းသာတာပဲ ဆိုတော့ နိဗ္ဗာန် သူပေါ်နေတယ်... (မှန်ပါ)။

နိဗ္ဗာန် ဘယ်အနားမှာ ရှိပါလိမ့်မတုံးလို့ အမေးထုတ်လို့ ရှိရင် ဖြစ်ပျက်အဆုံးမှာ ရှိတယ် (မှန်ပါ)။ သဘောကျပလား (ကျပါပြီဘုရား)။

## ဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ရှိတယ်

ဖြစ်ပျက်အဆုံးမှာ (နိဗ္ဗာန် ရှိပါတယ်ဘုရား)၊ နိဗ္ဗာန်ရှိတယ်ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)၊ ဖြစ်ပျက်ကလည်း သေသေချာချာကြည့်တော့ ဒကာ၊ ဒကာမတို့ ကိုယ့်အလံနဲ့ကိုယ်လံရင် လေးတောင်သာ ရှိပါတယ်...(မှန်ပါ)။

ကျုပ်တို့က ဆံပင်ဖျားကစပြီး၊ ခြေဖျားကျအောင် မောင်နိုင်၊ ကိုယ့်အလံနဲ့ ကိုယ်လံရင် လေးတောင်ပဲ မရှိဘူး

www.dhammadownload.com



လား...(ရှိပါတယ်ဘုရား)၊ ဒီအထဲမှာ ဖြစ်ပျက် ရှုရမယ်... (မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက် အဆုံးဟာလည်း ဒီလေးတောင် အဆုံးမှာ ရှိမှာပဲ...(မှန်ပါ)။

ဖြစ်ပျက်က လေးတောင်ခန့် ရှိလို့ရှိရင်ဖြင့် ဖြစ်ပျက် အဆုံး နိဗ္ဗာန်က ဘယ်နားရှိမတုံး... (လေးတောင် အဆုံးမှာ ရှိပါမယ်ဘုရား)။ လေးတောင်အဆုံးမှာ ရှိမှာဆိုတော့ လေးတောင်တစ်လက်မလား၊ လေးတောင်နှစ်လက်မလား၊ ဒီလိုလုပ်မနေနဲ့... (မှန်ပါ့)၊ လေးတောင် ပျောက်သွားတဲ့အခါမှာ ဒီ လေးတောင်နေရာမှာ ပေါ်လာတာပဲ...(မှန်ပါ့)၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

လေးတောင် ပျောက်သွားလို့ရှိရင် (လေးတောင်နေရာမှာ ပေါ်လာပါတယ်)၊ လေးတောင်နေရာမှာ ပေါ်လာတယ်ဆိုတာ သေချာကြပလား...(သေချာပါပြီဘုရား)။

ဩော်...ဒါဖြင့် ကျုပ်တို့ ဒုက္ခ ခံနေလို့ နိရောဓ ငုပ်နေတယ်...(မှန်ပါ့)၊ သေသေချာချာ မှတ်ပါ၊ ဒီဥစ္စာရှေ့က ဒုက္ခ ဖုံးနေလို့ နိရောဓ မမြင်ရတာ...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ရှေ့က ဘာဖုံးနေသတုံး...(ဒုက္ခ ဖုံးနေပါတယ်ဘုရား)။ ဒုက္ခ ဖုံးနေတော့ နိရောဓ နိဗ္ဗာန်...(မမြင်ရပါဘုရား)။

ဩော်...ဒါဖြင့် မောင်နိုင်၊ ဒီလိုလုပ်ကြပေတော့ ၄ ကို ၄နဲ့ စားလိုက်တော့ (သုညပါ)၊ ၄ကို ၄နဲ့ စားလိုက်ရင်

www.dhammadownload.com



ကုန်ရော...(မှန်ပါ)၊ မကုန်ဘူးလား...(ကုန်ပါတယ်ဘုရား)။

၄ကို ၄နဲ့ စားလိုက်ရင် (ကုန်သွားပါတယ်ဘုရား)၊ အင်း ၄ကို ၄နဲ့ စားလိုက်တော့ ကုန်သွားတာပဲတဲ့၊ ဒီမှာလည်း ဒကာ၊ ဒကာမတို့ ခန္ဓာငါးပါးကို မဂ္ဂင်ရှစ်ပါးနဲ့သာ စားပစ်လိုက်တော့(မှန်ပါ)။ ခန္ဓာငါးပါးကို မဂ္ဂင်ရှစ်ပါးနဲ့ စားပစ်လိုက်တော့ ဖြစ်ပျက်တွေ ကုန်မသွားပေဘူးလား(ကုန်သွားပါတယ်ဘုရား)။

အဲ ဖြစ်ပျက်တွေ ကုန်သွားတော့ လေးတောင်စလုံး ကုန်သွားလိမ့်မယ် (မှန်ပါ)၊ ခန္ဓာက လေးတောင်ရှိတာကိုး(မှန်ပါ)၊ လေးတောင်စလုံး ကုန်သွားတော့ ဒီနေရာမှာ နိဗ္ဗာန်ဟာ လေးတောင် ပေါ်လာမှာပဲ...(မှန်ပါ)၊ ဘာပေါ်လာသတုံး... (လေးတောင်, လေးတောင် ပေါ်လာပါတယ်ဘုရား)၊ အဲ ၄ကို ၄နဲ့ စားလိုက်တဲ့ အခါကျတော့ ပေါ်လာသလိုပေါ့လေ၊ လေးတောင်စလုံး ပျောက်သွားပြီးသကာလ လေးတောင်ပျောက်တာ ပေါ်လာသလို (မှန်ပါ)၊ ဒကာ၊ ဒကာမတို့ ခြေလည်း ရှာမတွေ့ဘူး၊ ခေါင်းလည်း ရှာမတွေ့ဘူး၊ သဘောကျပလား...(ကျပါပြီ)။

ခြေတွေ၊ ခေါင်းတွေ...(ရှာမတွေ့ပါဘုရား)၊ ရှာမတွေ့တော့ဘူးဆိုသဖြင့် ခြေတို့၊ ခေါင်းတို့ဟာ ဒုက္ခသစ္စာပဲ၊ ဒုက္ခသစ္စာ ပျောက်သွားတဲ့ နေရာမှ လေးတောင်နေရာမှာ နိရောဓသစ္စာ လေးတောင် ပေါ်တယ်လို့ မောင်နိုင်တို့ မှတ်လိုက်...(မှန်ပါ)။

ဒုက္ခသစ္စာလေးတောင် ပျောက်တဲ့နေရာမှာ...(နိရောဓသစ္စာလေးတောင် ပေါ်ပါတယ်ဘုရား)။

သြော်...ဒါဖြင့် ဒကာ၊ ဒကာမတွေ စဉ်းစဉ်းစားစား

www.dhammadownload.com



နဲ့ တရားကို နာကြည့်ပါတဲ့ ဩော်...နိဗ္ဗာန်ကို ဘယ်သူ ကွယ်နေပါလိမ့်မလဲ...(ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)၊ ဒုက္ခသစ္စာ ကွယ်နေတယ်...(ရှင်းပါပြီဘုရား)။

**ဒုက္ခသစ္စာ ဆုံးသွားတော့ နိရောဓသစ္စာ ပေါ်လာတယ်**

ဒုက္ခသစ္စာ ဆုံးသွားတော့ နိရောဓသစ္စာ ဖျပ်ဆို ပေါ်လာတယ်...(မှန်ပါ)။

ဒါဖြင့် နိရောဓသစ္စာ ဘယ်သူ ကွယ်နေပါလိမ့်...(ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)၊ မှတ်ထား မှတ်ထား၊ ဒီဥစ္စာ ဘယ်တော့မှ မပြောသေးဘူးနော်...(မှန်ပါ)။

နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန် ဘယ်သူ ကွယ်နေပါလိမ့်... (ဒုက္ခသစ္စာ ကွယ်နေပါတယ်ဘုရား)၊ ဒုက္ခသစ္စာ ကွယ်နေတယ် ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

တစ်ခါ ဒုက္ခသစ္စာဆိုတဲ့ ဖြစ်ပျက်တောင် မတွေ့တဲ့ ပုဂ္ဂိုလ်ကျတော့ အဝိဇ္ဇာ ကွယ်နေတယ်လို့ မှတ်လိုက်...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီဘုရား)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဆရာဘုန်းကြီးသည် ခင်ဗျားတို့ကို ဘယ်လောက်ထိအောင် ဖယ်ဖယ်ပြီး သကာလ ပေးနေရတယ်ဆိုတာ ပထမ အဝိဇ္ဇာကို ဖယ်ပေးရတယ်...(မှန်ပါ)၊ အဝိဇ္ဇာ ရှိနေပြန်ရင် ဖြစ်ပျက်ကို မတွေ့နိုင်ဘူး။ တွေ့သေးရဲ့လား...(မတွေ့ပါဘုရား)။

www.dhammadownload.com



အဝိဇ္ဇာရှိနေရင်...(ဖြစ်ပျက်ကို မတွေ့နိုင်ပါဘုရား)။

သူကလည်း နည်းတဲ့မှောင်တိုက်မှ မဟုတ်ဘဲ...(မှန်ပါ့)။ ဒီရှိတဲ့ဥစ္စာတွေ အကုန်မမြင်အောင် ဖုံးထားတယ် ဆိုတာကော သေချာပလား...(သေချာပါပြီဘုရား)။

ဒါဖြင့် အဲဒါကိုလည်း ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်များမှာ ဆရာဘုန်းကြီး ပေးတာကို မှတ်ရမယ်...(မှန်ပါ့)၊ အဝိဇ္ဇာ ဖယ်ချပေးလိုက်တယ်...(မှန်ပါ့)၊ သဘောကျပလား... (ကျပါပြီဘုရား)။

**ဆရာမပါရင် မပြီးပါဘူး**

ဒါကြောင့် သောတာပန် တည်ချင်လို့ရှိရင် ဆရာ မပါရင် မပြီးပါဘူး ဆိုတဲ့ဥစ္စာ မောင်နိုင် ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

ဘာဖယ်ပေးရသလဲ...(အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာ ဖယ်ပေးနေတယ်...(မှန်ပါ့)၊ ဖယ်ပုံဖယ်နည်း ပေးတာနော်... (မှန်ပါ့)။

သွားပြီးသကာလ ဥပမာ မောင်နိုင်တို့ သန္တာန်ရှိတဲ့ အဝိဇ္ဇာကို ယူပြီးသကာလ ဖယ်တာတော့ မဟုတ်ဘူး၊ ဖယ်နည်း ပေးရတယ်...(မှန်ပါ့)၊ မပေးရဘူးလား... (ပေးရပါတယ် ဘုရား)။

ဖယ်နည်းပေးတော့ ဝေဒနာကလေး ပေါ်ရင် ကြည့်စမ်း ပါကွ၊ နာသလား၊ ယားသလား၊ အဲဒါကလေး ကြည့်ကွဆိုတော့

www.dhammadownload.com



ယားတာကလေးတွေ တွေ့ပြီဘုရား၊ နာတာကလေးတွေ တွေ့ပြီ၊ ဘုရား၊ အဲဒါ ဝေဒနာတွေ့ပြီကွ…(မှန်ပါ့)၊ ကောင်းတာကလေးလည်း မင်း မတွေ့ဘူးလား၊ တွေ့ပါပြီဘုရား၊ အဲဒါဝေဒနာတွေ့ပြီကွဆိုတော့ အရင်တုန်းက မတွေ့တာတွေဟာ ဘယ်လိုယားယား၊ ဘယ်လိုနာနာ၊ ငါတွေ သူတွေ ထင်နေတာကိုး… (မှန်ပါ့)၊ ဝေဒနာကို တွေ့လိုက်ကဲ့လား…(မတွေ့ပါဘုရား)၊ အခုတော့ ဝေဒနာကလေးတွေ မှတ်လိုက်ဆိုတော့ ငါ သူတည်းဟူသော အဝိဇ္ဇာတွေက ဘယ်နှယ့်နေသတုံး…(ချုပ်ပါတယ်ဘုရား)။

## တရားနာမှ အဝိဇ္ဇာ ဖယ်နိုင်တယ်

အဲဒီအဝိဇ္ဇာကို ဖယ်ပေးတာကတော့ တရားနာမှ ဖယ်နိုင်ကြတယ်…(မှန်ပါ့)၊ တရားမနာတဲ့ ပုဂ္ဂိုလ်က…(မဖယ်နိုင်ပါဘုရား)၊ မဖယ်နိုင်ဘူးဆိုတာ သေချာပလား…(သေချာပါပြီ)၊ ဒါဖြင့် ၁-နံပါတ် ဖယ်ပေးတာက ဆရာ့တာဝန်…(မှန်ပါ့)၊ သဘောကျပလား…(ကျပါပြီဘုရား)။

၂-နံပါတ် ဖယ်ရမှာက ယောဂီတာဝန်…(မှန်ပါ့)၊ ၁-နံပါတ် ဖယ်ပေးရမှာ…(ဆရာ့တာဝန်ပါဘုရား)။

၂-နံပါတ်ဆိုတဲ့ ဖြစ်ပျက်ကြီးကိုတဲ့ ရှုဖန်များလို့ရှိရင်ဖြင့် ဖြစ်ပျက်တွေ ဆုံးသွားမှာပဲ (မှန်ပါ့)၊ မဆုံးပေဘူးလား… (ဆုံးပါတယ်ဘုရား)။

အဲဖြစ်ပျက်တွေ ဆုံးသွားတော့ ဒါကတော့ ကိုယ့်ဟာ

www.dhammadownload.com



ကိုယ် ဖယ်မှ ရမယ်(မှန်ပါ)၊ ကိုယ့်ဟာကိုယ် ဒီဥစ္စာ ဒုက္ခသစ္စာမှ အစစ်ပါပဲ ဆိုတဲ့ ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချလိုက်မှ သူက ဖျပ်ဆို လေးတောင် ချုပ်သွားမှကိုး မောင်နိုင်ရ...(မှန်ပါ)၊ လေးတောင်ပြည့်တဲ့ ခန္ဓာကြီး မပျောက်ပေဘူးလား...(ပျောက်ပါတယ်ဘုရား)။

လေးတောင်ရှိတဲ့ ခန္ဓာကြီး ပျောက်သွားတဲ့အခါကျတော့ လေးတောင်ရှိတဲ့ နိဗ္ဗာန် ဩော်...ဒုက္ခ လုံးဝမတွေ့တော့ပါလားဆိုတဲ့ ဒီဉာဏ်ဟာ ဒုက္ခ လုံးဝမတွေ့တာနဲ့ တည့်မနေပေဘူးလား...(တည့်နေပါတယ်ဘုရား)။

ဒါဖြင့် လေးတောင် ပျောက်ရင် ဒကာ၊ ဒကာမတို့ လေးတောင်သာ ပျောက်ပစေ၊ နိဗ္ဗာန် ရောက်လာတာပဲ၊...(မှန်ပါ)၊ သဘောကျပလား...(ကျပါပြီဘုရား)။

## နိဗ္ဗာန်သည် ခန္ဓာနဲ့ စပ်နေတယ်

ဒါဖြင့် နိဗ္ဗာန်သည် ဒကာ၊ ဒကာမတို့ သေသေချာချာ မှတ်ပါ၊ ခန္ဓာနဲ့ စပ်နေတယ်လို့မှတ်...(မှန်ပါ)၊ ဟောဒီ ခန္ဓာငါးပါးနဲ့(စပ်နေပါတယ်ဘုရား)၊ စပ်နေတော့ကို နိဗ္ဗာန်နဲ့ ခန္ဓာနဲ့ ဟာက စပ်နေတယ်လို့ဆိုရင် မလွဲပါဘူး(မှန်ပါ)။ သဘောကျပလား...(ကျပါပြီဘုရား)။

ဘာကြောင့်တုံးဆိုတော့ ခန္ဓာပျောက်သွားပြန်တော့လည်း နိဗ္ဗာန်က ပေါ်ပေါက်လာတယ်...(မှန်ပါ)။

ခန္ဓာပျောက်တော့ (နိဗ္ဗာန် ပေါ်ပေါက်ပါတယ်ဘုရား)၊

www.dhammadownload.com



ခန္ဓာပျောက်တော့ နိဗ္ဗာန်က ပေါ်ပေါက်လာတယ်ဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့သည် ခန္ဓာမတွေ့တဲ့ပုဂ္ဂိုလ်ဖြင့် ခန္ဓာဖြစ်ပျက်ကိုမှ မတွေ့တဲ့ပုဂ္ဂိုလ် ခန္ဓာပျောက်ဖို့အရေး ဝေးပါသေးရဲ့...(မှန်ပါ့)။

**မြတ်စွာဘုရားနဲ့သိကြား တွဲဟောသောနေ့**

ခန္ဓာမှ မပျောက်လို့ရှိရင်လည်း နိဗ္ဗာန်ရောက်ဖို့အရေး ဝေးပါသေးရဲ့...(မှန်ပါ့)။ ဆိုထိုက် မဆိုထိုက်...(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သိကြားနဲ့ ဘုရား တွဲဟောတဲ့နေ့ဖြစ်သောကြောင့် ဘုရားက သင်္ခါရတရား ပျက်တတ်သည်။ ဘာတဲ့တုံး...(မမေ့ကြနဲ့)။

သိကြားက ပရိနိဗ္ဗာန် စံပြီးသောအခါကျတော့ နောက်ထပ် သင်္ခါရတရားဆုံးအောင် လိုက် လိုက်...(မှန်ပါ့)၊ သဘောကျပလား...(ကျပါပြီဘုရား)။

သင်္ခါရတရားဆုံးအောင်သာ လိုက်လို့ရှိရင် အသင်္ခတဓာတ် နိဗ္ဗာန်မြတ်ဆိုတာ သင်္ခါရတရား အဆုံးမှာရှိတယ်...(မှန်ပါ့)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

**ဘုရားက ဘာတဲ့တုံး**

ဒါဖြင့် ဘုရားက ဘာတဲ့တုံး...(သင်္ခါရတရားပျက်တတ်သည် မမေ့နဲ့)၊သင်္ခါရတရား မမေ့နဲ့၊ သူကတော့ ဝိပဿနာ

www.dhammadownload.com



ခရီးပြတယ်...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဝိပဿနာ လမ်းဆုံးကျတော့ သိကြားကနေ ကူလိုက်ပါတယ်...(မှန်ပါ)။

သူ့အတ္တအနေနောမတိနဲ့ ကူတာလား၊ ဘုရားဆီက နည်းယူထားပြီး ကူတာလား...(ဘုရားဆီက နည်းယူထားပြီး ကူတာပါဘုရား)။

အဲဒီ သင်္ခါရအဆုံး လိုက်လိုက်ပါ...(မှန်ပါ)၊ အဲဒါ ဘယ်သူက ကူတာပါလိမ့်...(သိကြားက ကူတာပါဘုရား)။

ဒါဖြင့် ဘုရားက သင်္ခါရတရား ပျက်တတ်သည်။ (မှန်ပါ)၊ သိကြားက သင်္ခါရတရားအဆုံး လိုက်လို့ရှိရင် နိဗ္ဗာန်ပဲဆိုတာ သိကြားက ကူပေးလိုက်တယ်...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဘုရားကိုလည်း မမေ့ပါနဲ့၊ သိကြား ကူညီတာကိုလည်း...(မမေ့ပါနဲ့)။

## သိကြားက ဘယ်လို ကူလိုက်သတုံး

သိကြားက ဘယ်လို ကူလိုက်သတုံး...(သင်္ခါရတရားဆုံးအောင် လိုက်ပါတဲ့ဘုရား)၊

သင်္ခါရတရားဆုံးအောင်လိုက်၊ အဲဒါ နိဗ္ဗာန်ပဲလို့ သူက ကူလိုက်တယ်...(မှန်ပါ)၊ ဒီလိုဆိုလိုက်တော့ ကျုပ်တို့မှာ ဘာလိုနေသေးသတုံး...(ဘာမှ မလိုပါဘုရား)၊ အကုန်ပြည့်နေပြီ...(မှန်ပါ)၊ ဖြစ်ပျက်လည်း တွေ့အောင် ရှာတတ်ပြီ၊ ဖြစ်ပျက်အဆုံးလည်း (တွေ့အောင်ရှာတတ်ပါပြီဘုရား)၊ တွေ့အောင် ရှာတတ်ပြီ

www.dhammadownload.com



ဉာဏ်နဲ့ မဂ်ဉာဏ် ရသွားတယ်...(မှန်ပါ)။

## ဝိပဿနာဉာဏ်

သင်္ခါရတရား ပျက်တတ်သည်လို့ ရှုတဲ့ဉာဏ်ကတော့ ဘာဉာဏ် ခေါ်ကြမယ်...(ဝိပဿနာဉာဏ်ပါ)၊ သဘောကျပလား...(ကျပါပြီဘုရား)။

သင်္ခါရ ဆုံးအောင် လိုက်ပါဆိုလို့ ဆုံးသွားတဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ...(မဂ်ဉာဏ်ပါဘုရား)၊

## မဂ်ဉာဏ်လာတာချည်းပဲ

ဒါဖြင့် ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ပဲရှိတယ်...(မှန်ပါ)။

ကိုစံလှ ဘယ်နှစ်ဉာဏ်ရှိသလဲ...(နှစ်ဉာဏ်ရှိပါတယ်ဘုရား)။

အဲ...ဝိပဿနာ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်လာပြီး မဂ်ဉာဏ်လာတာချည်းပဲဆိုတာကိုလည်း တစ်ထစ်ချသာ မှတ်ပါတော့၊ သေချာပါပြီ...(မှန်ပါ)၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု။